# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 15 October 2025 ၁၁၉၇၁


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။


၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဧည့်ဂေဟာ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev တို့ တွေ့ဆုံဆွေးနွေးစဉ်။


ယနေ့ ဖတ်စရာ

နိုင်ငံ့ဝန်ထမ်းများနှင့် ဆန္ဒမဲပေးပိုင်ခွင့် — ဆောင်းပါး စာမျက်နှာ » ၆

တရုတ်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ ခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ — စာမျက်နှာ » ၈

ငြိမ်းချမ်းရေးရရှိမှသာ တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းလာပြီး လူ့အခွင့်အရေးများ ရရှိခံစားနိုင်မည် — စာမျက်နှာ » ၉

ကြေးမုံ

# တွေ့ဆုံဆွေးနွေးအဖြေရှာမှုမှသည် ငြိမ်းချမ်းသောနိုင်ငံတော်သစ်ဆီ

ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့်သာ ရရှိနိုင်သည်။ ငြိမ်းချမ်းရေးကို စစ်ပွဲများရပ်တန့်ပြီး ဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဖြင့် ရရှိလာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အလွန်အရေးကြီးသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အား အားလုံးပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့သည့် သမိုင်းမှတ်တိုင်တစ်ခုကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခဲ့သည်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် အားလုံးပါဝင် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ အားလုံးအကျေအလည်ဆွေးနွေးပြီး ရရှိလာသည့်အချက်များဖြင့် NCA ပေါ်ထွက်လာခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ NCA စာချုပ်သည် အလွယ်တကူဖြစ်ပေါ်လာသည့်စာချုပ်မဟုတ်ဘဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ဖိတ်ခေါ်ခဲ့သည့်နေ့မှစ၍ ဆွေးနွေးမှုအကြိမ်ရေ ၅၀၀၀ ကျော်အထိ ပြုလုပ်ပြီးမှ ရရှိခဲ့သည့်စာချုပ်ဖြစ်သည်။ NCA စာချုပ်ဖြစ်ပေါ်လာစေရန် ဆွေးနွေးညှိနှိုင်းခဲ့စဉ်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးနီးပါး ပါဝင်ခဲ့သော်လည်း လက်မှတ်ရေးထိုးချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ လက်မှတ်ရေးထိုးခဲ့သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့အချိန်အထိ နှစ်ပေါင်း ၈၀ နီးပါးကြာအောင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် လွတ်လပ်ရေး၏ အနှစ်သာရများ၊ အသီးအပွင့်များကို တိုင်းရင်းသားပြည်သူများ အပြည့်အဝမခံစားရသေးသည်မှာ လက်နက်ကိုင်ပဋိပက္ခများနှင့် လက်ရှိ ပကတိဖြစ်ရပ်များက ညွှန်းဆိုဖော်ပြလျက်ရှိသည်။ မူလအဓိကအကြောင်းတရားများအရ တိုင်းရင်းသားလူမျိုးအချင်းချင်း သဘောထားကွဲလွဲမှုများအပေါ်တွင် အခြေခံပြီး ဖြစ်ပေါ်လာသည့် ပဋိပက္ခများကြောင့်ဖြစ်သည်ကို တွေ့ရှိခဲ့ရပြီးဖြစ်သည်။ လက်ရှိကာလတွင် သဘောထားကွဲလွဲမှုများအပြင် အကျိုးစီးပွားများလည်း ပါဝင်လာသဖြင့် ဖြစ်ပေါ်နေသောလက်နက်ကိုင်ပဋိပက္ခများကို ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းအဖြေရှာကြရမည်ဖြစ်သည်။

ယင်းတို့ကို ဖြေရှင်းနိုင်မှသာ ဒီမိုကရေစီ၏အနှစ်သာရ၊ လွတ်လပ်ရေး၏ အသီးအပွင့်များကို အပြည့်အဝ ခံစားရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့သည်။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်လျှင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) အပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်လျက်ရှိသည်။

NCA စာချုပ်မှ ရရှိထားသည့် သဘောတူညီချက်များမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြင်ဆင်သင့်သည့်အချက်များကို ဒီမိုကရေစီနည်းလမ်းတကျ ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားမည်ဟုလည်း တပ်မတော်က အတိအလင်းပြောကြားထားသည်။ တပ်မတော်အနေဖြင့် NCA စာချုပ်ကြီး ပေါ်ပေါက်လာသည်နှင့်တစ်ပြိုင်နက်တည်း ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို ထုတ်ပြန်ခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။

ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများရှိနိုင်သော်လည်း ကိုယ်စီလိုလားချက်များကို လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့် တောင်းဆိုခြင်းမှာ မှားယွင်းသောလမ်းစဉ်ဖြစ်သည်။ မှန်ကန်သည့် ကောင်းကျိုးရလဒ်များ မရနိုင်သည့်အတွက် တိုင်းရင်းသားများအကြား နားလည်မှုလွဲမှားခြင်းများ၊ ပဋိပက္ခများရှိပါက တွေ့ဆုံဆွေးနွေးခြင်းများဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ်၍ ကြိုဆိုလျက်ရှိသည်။ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း လက်နက်ကိုင်အဖွဲ့များအား မိမိတို့လိုလားချက်များကို နိုင်ငံရေးနည်းလမ်းဖြင့် စေ့စပ်ညှိနှိုင်း အဖြေရှာရေး တွန်းအားပေးဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သို့ဖြစ်ရာ ထာဝရငြိမ်းချမ်းရေးအတွက် အရေးပါသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) သမိုင်းဝင်ချုပ်ဆိုနိုင်ခဲ့သည်မှာ (၁၀) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ယနေ့ ရင်ဆိုင်ကြုံတွေ့နေရသော လက်နက်ကိုင်ပဋိပက္ခများ၏ ဆိုးကျိုးများကို တိုင်းရင်းသားပြည်သူများက သိမြင်နားလည်နေပြီဖြစ်၍ အားလုံးပါဝင်သည့် တွေ့ဆုံဆွေးနွေးမှုများမှသည် ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းဖော်ဆောင်ကြရမည် ဖြစ်ပါကြောင်း။ ။

---

## ၂၀၂၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

**World Food Day 2025**

**"အနာဂတ်စားရေရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့"**

**(Hand in Hand for Better Foods and a Better Future)**

**အောက်တိုဘာလ ၁၆ ရက်နေ့**

---

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၄** မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ခိုင်လုံသော အကြောင်းရင်းမရှိဘဲ လူနေကျေးရွာများဘက် အကြမ်းဖက်သမားတွေရဲ့ ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် စာသင်သားကိုရင်များ သေဆုံးထိခိုက်ခဲ့ရ"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မူးယစ်ဆေးဝါးနဲ့ ရပ်တည်နေရတဲ့ မူးယစ်ဂိုဏ်း AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီ မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

## ၁၄ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

---

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

---

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄ – ၁၀ – ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၂၀၀ | ၁,၅၇၆ | ၁၂,၉၈၀,၈၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၁၀,၀၁၂ | ၃၄,၀၄၀,၈၀၀ |
| MCB | ၇,၇၀၀ | ၇,၈၀၀ | ၁,၀၀၅ | ၇,၈၃၈,၅၀၀ |
| FPB | ၂,၆၀၀ | ၂,၆၀၀ | ၃၈၇ | ၁,၀၀၆,၂၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၅၀၀ | ၁,၃၇၅,၀၀၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၉၉၀ | ၁,၈၇၆,၅၀၀ |
| AMATA | ၃,၄၀၀ | ၃,၄၅၀ | ၁၁၀ | ၃၇၅,၀၀၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၂၀၁ | ၆၈၃,၄၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၆,၃၄၂ | ၁၇,၁၂၃,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

---

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander AZIZOV နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူငယ်ကဏ္ဍ၊ ဆောက်လုပ်ရေးနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## အပြန်အလှန် ပေးအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်စဉ်။



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Fara Myanmar EV Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Amazing Auto Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Grand Sirius Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၄**

၁၃၈၇ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများဆက်လက်လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် လေအန်ကုန်းစာပေရပ်ဝန်းက အလှူငွေကျပ် ၅၀၅၀၀၀၊ အောင်မြေသာစံမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၃၃၀၀၀၀၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကေလာသ ပဏ္ဍိတာရာမကျောင်းတိုက်က ငွေကျပ် သုံးသိန်း၊ ဒေါက်တာရီရီလှ(ယုဝတီခင်ဦး)၊ ဦးနေလင်း (မောင်ချိုဝေ) – သမီး ရွှေရုပ်(မှော်ဘီမြို့)နှင့် တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် နှစ်သိန်းစီ၊ သဃ်န်းကျွန်းမြို့နယ် စာရေးဆရာအသင်းနှင့် မရမ်းကုန်းမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ ဒေါ်မြမြသန်း(မနှင်းဖွေး)၊ ဦးထင်လင်းကျော်၊ ဒေါက်တာမောင်မောင်မြင့်–ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်–ပဲခူး)(ဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်စာရေးဆရာအသင်း)၊ ဒေါ်ခင်ဝင်းမေ၊ ဦးသိမ်းထွန်း (စစ်ရဲအိမ်)၊ (ဂီတစာဆို မောင်မျိုးသူ)– မရည်မွန်(ကျုံပျော်)၊ ဇမ္ဗူသီရိမြို့နယ်စာရေးဆရာအသင်း၊ ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်း၊ တာမွေမြို့နယ်စာရေးဆရာအသင်း၊ ရန်ကင်းမြို့နယ်စာရေးဆရာအသင်း၊ အင်းစိန်မြို့နယ်စာရေးဆရာအသင်းနှင့် မှော်ဘီမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမြကျော် (မောင်မြကျော်)၊ ဦးလှတိုး (တိုးထက်)၊ စာရေးဆရာမ သက်ဦးခင်၊ ဒေါ်ခင်တင့်ဝေ(ခင်တင့်ဝေ–မြို့တော်စည်ပင်)၊ ဦးစိုးမြင့်(လက်ပံနီ)၊ညောင်လေးပင်မြို့နယ်စာရေးဆရာအသင်း၊ ခရမ်းမြို့နယ်စာရေးဆရာအသင်း၊မြောက်ဥက္ကလာပမြို့နယ်စာရေးဆရာအသင်း၊ သထုံမြို့နယ်စာရေးဆရာအသင်းနှင့် မြိတ်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူးဦးညွန့်တင် (မောင်ငြိမ်းသူ–ကြို့ပင်ကောက်)နှင့်တွဲဖက်အတွင်းရေးမှူး ဦးအောင်ကြည်(အောင်ကြည်ညွန့်–တက္ကသိုလ်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅) (၇)လွှာ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁– ၂၅၂၄၁၇၊ ၀၉– ၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijiun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijiun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော် ဧည့်ဂေဟာ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာ ရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက် အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ကိုကိုဦးတို့ တက်ရောက်ကြပြီး တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန အာရှ ရေးရာ အထူးကိုယ်စားလှယ်နှင့် အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်အခမ်း အနား ကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ NCA လက်မှတ် ရေးထိုးရာတွင် တရုတ်နိုင်ငံ အပါအဝင် နိုင်ငံတကာမှ အသိ သက်သေများ ပါဝင်ခဲ့မှုအခြေ အနေများ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်း ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ကူညီဆောင်ရွက် ပေးလျက်ရှိမှုနှင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု အပေါ် အလေးထားလျက်ရှိမှု အခြေအနေများ၊ မြန်မာ-တရုတ် နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်း နိုင်ငံများ ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံအကြား ချစ်ကြည် ရင်းနှီးစွာဖြင့် အေးအတူပူအမျှ မဟာဗျူဟာမြောက် ဆက်ဆံရေး ရှိသည့်အခြေအနေများ၊ မြန်မာ နိုင်ငံတွင် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပပြုလုပ် ရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု အခြေအနေ များနှင့် ရွေးကောက်ပွဲကျင်းပ ပြုလုပ်မည့်အပေါ် တရုတ်နိုင်ငံ အနေဖြင့် အားပေးထောက်ခံ လျက်ရှိမှု အခြေအနေများ၊ ရွေးကောက်ပွဲ ကျင်းပရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM)များဖြင့် ဆန္ဒမဲပေးနိုင် ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် တရုတ် နိုင်ငံအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့် ရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှု အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ် ဒေသ တည်ငြိမ်အေးချမ်းရေး အတွက် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံ အကြား ချစ်ကြည်ရင်းနှီးမှု နှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် မြှင့်တင်ဆောင်ရွက် သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြ သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှရေးရာအထူး ကိုယ်စားလှယ်အား ရွေးကောက်ပွဲ ကျင်းပပြုလုပ်စဉ် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေး စက်(MEVM)များအား ပြသရာ ရွေးကောက်ပွဲ ကော်မရှင်မှ တာဝန်ရှိသူများက မဲပေးစက်၏ လုပ်ငန်းလုပ်ဆောင်မှု အဆင့်ဆင့် ကို ရှင်းလင်းပြသခဲ့ပြီး တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန အာရှ ရေးရာ အထူးကိုယ်စားလှယ်၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

☆ **ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး အဖွဲ့များ ဖိတ်ခေါ်ထားရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်း ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက် သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေး**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijiun အား မြန်မာအီလက်ထရောနစ်မဲပေးစက် ကို ပြသစဉ်။

# မြန်မာ-ရုရှား-ဘယ်လာရုစ် (၃) နိုင်ငံပူးပေါင်းဖျော်ဖြေတင်ဆက်မှုအခမ်းအနား ကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေး






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ – ရုရှား–ဘယ်လာရုစ် (၃) နိုင်ငံပူးပေါင်းဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

မြန်မာ–ရုရှား–ဘယ်လာရုစ် (၃) နိုင်ငံ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိNaypyitaw State Polytechnic University ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander AZIZOV၊ မြန်မာ–ရုရှားချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovskiy၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှတာဝန်ရှိသူများ၊ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ဖျော်ဖြေရေးအဖွဲ့များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် “ယဉ်ကျေးမှုဖလှယ်မှုမှသည် ချစ်ကြည်ရင်းနှီးမှုများဆီသို့” Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် ရုရှား–မြန်မာ ချစ်ကြည်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌက မိတ်ဆက်စကားပြောကြားပြီး ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေမည့် အနုပညာရှင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်ကို စတင်ကျင်းပရာ ဘယ်လာရုစ်နိုင်ငံမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်ဝန်ထမ်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင် ဝန်ထမ်းများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးနိုင်ငံသံရုံးမှဝန်ထမ်းများက “ရုရှားနှင့် ဘယ်လာရုစ်–သွေးရင်းအကိုညီရင်းနှမ (Two Rus’s– Belarus and Russia, Two Sisters)” တေးသီချင်း၊ “ခေါင်းလောင်းသံ (Bells)” တေးသီချင်း၊ “နန်းသိင်္ဂီ” နန်းတွင်းယိမ်းအက၊ “The River Flows” တေးသီချင်း၊ “ဘော်ဒကာတစ်ခွက်နဲ့ နှုတ်ဆက်မယ်” တေးသီချင်း၊ “ပန်းပုသူဇာ” တေးသီချင်း၊ “မျက်ဝန်း(My eyes)” တေးသီချင်း၊ “လယ်ဘယ် ဒူးရှ်ကာ (Lebedushka)” အက၊ “မနော ကြည်ချိုမြ ပြောစည်တိုအက”၊ “ကျူးလစ်ပန်း (Tulips)” တေးသီချင်း၊ “ဒို့ရွာနီ (Red Sloboda)” တေးသီချင်း၊ “မြိုင်ဆိုင်မြူးကြွမင်းသားအက”၊ “ဩော်တံစဉ် ကျွန်တော်တံစဉ် (Oh, My Scythe)” တေးသီချင်း၊ “ကာလင်ကာ(Kalinka)” အက၊ “ Belarus and Myanmar” တေးသီချင်း၊ “မြန်မာ” တေးသီချင်း၊ “သင်္ကြန်”တေးသီချင်း၊ “Kupalin–ka” တေးသီချင်း၊ “St. Petersburg and Myanmar” တေးသီချင်း၊ “ပုဂံ” တေးသီချင်း၊ “အတူရှိမယ် မြန်မာ (We are With You Myanmar)” တေးသီချင်း၊ “မြန်မာဟေ့” တေးသီချင်း၊ “ကာကျူးရှာ (Katush)” တေးသီချင်း၊ “အမိမြေ(Matushka Zemnya Mother Land)” တေးသီချင်း၊ “Love Me” တေးသီချင်း၊ “ပန်းရောင်စုံ (All the Flowers)” တေးသီချင်းနှင့် “တောင်းဆုခြွေ ( I want to wish)” တေးသီချင်းတို့ဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေ တင်ဆက်ကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့မှ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက သီဆိုဖျော်ဖြေခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်း နိုင်ငံနှင့် ဘယ်လာရုစ် သမ္မတနိုင်ငံတို့မှ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

**ဂုဏ်ပြုလက်ဆောင်ပေးအပ်**

ယင်းနောက် ရုရှား–မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် ဘယ်လာရုစ် တေးဂီတအဖွဲ့ခေါင်းဆောင်တို့က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌက မြန်မာနိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



မြန်မာ – ရုရှား–ဘယ်လာရုစ် (၃) နိုင်ငံပူးပေါင်းဖျော်ဖြေတင်ဆက်မှုအခမ်းအနားတွင် တေးသီချင်းများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေတင်ဆက်ကြစဉ်။

# နိုင်ငံ့ဝန်ထမ်းများနှင့် ဆန္ဒမဲပေးပိုင်ခွင့်

## ■ မောင်စံကြီး

အခုတစ်လော မောင်စံကြီးတို့ ဝန်ထမ်းလောကမှာ စိုးရိမ်စိတ်နဲ့ ပြောနေကြတဲ့စကားသံတွေ ကြားနေရပါတယ်။ အထူးသဖြင့်တော့ နေပြည်တော်က ဝန်ကြီးဌာနတွေနဲ့ လက်အောက်ရုံးချုပ်ဌာနတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေရဲ့ မဲပေးခွင့်ကိစ္စပါ။ ရွေးကောက်ပွဲဥပဒေမှာ မိမိအမြဲတမ်းနေထိုင်တဲ့လိပ်စာရှိရာ လဝက ပုံစံ (၆၆/၆) ရှိတဲ့နေရာမှာပဲ မိမိမဲစာရင်းပါမှာဖြစ်လို့ အမြဲတမ်းနေထိုင်ရာနေရာမှာပဲ ပြန်ပြီးမဲပေးရမယ့်သဘောလို့ နားလည်ထားကြလို့ပါ။ တကယ်တော့ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတွေမှာ ဒေသတစ်ခုက အခြားဒေသတစ်ခုကို နိုင်ငံ့တာဝန်အရပဲဖြစ်ဖြစ်၊ အခြားလူမှုရေး၊ စီးပွားရေးအရဖြစ်ဖြစ် ပြောင်းရွှေ့နေထိုင်ရတဲ့သူတွေကို အရင်နေထိုင်တဲ့နေရာကနေ လက်ရှိပြောင်းရွှေ့နေထိုင်တဲ့နေရာကို မဲစာရင်း ပြောင်းနိုင်မယ့် အခွင့်အရေးပေးထားပါတယ်။

### ဝန်ကြီးဌာနအသီးသီးကို အကြောင်းကြားခဲ့

ဝန်ထမ်းတွေရဲ့ စိုးရိမ်ပူပန်မှုတွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ရိပ်စားမိလို့ ထင်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပထမအကြိမ် မဲစာရင်း စကပ်တဲ့ ၃၀-၉-၂၀၂၅ ရက်နေ့ရဲ့နောက်တစ်နေ့ ၁-၁၀-၂၀၂၅ ရက်နေ့ ဝန်ထမ်းတွေ မဲပေးခွင့် မဆုံးရှုံးရအောင် ဥပဒေနှင့်အညီ ဆောင်ရွက်ရမယ့် နည်းလမ်းတွေကို ဝန်ကြီးဌာနအသီးသီးကို အကြောင်းကြားခဲ့ပါတယ်။

မောင်စံကြီးတို့ ဝန်ကြီးဌာနကတော့ သီတင်းကျွတ်ပိတ်ရက် ပြန်အတက်မှာ ဝန်ထမ်းတွေအားလုံးကို အသိပေးထားလို့ သိပြီးပါပြီ။ အချို့ရုံးတွေကတော့ ရုံးပိတ်ရက်ပြန်အတက်မှာ ဌာနအကြီးအကဲတွေ အလုပ်များနေကြလို့ အသိနောက်ကျတာလည်း ဖြစ်နိုင်ပါတယ်။ ဌာနက ညွှန်ကြားရေးမှူး ရှင်းပြတာကတော့ ကျွန်တော်တို့အနေနဲ့ လက်ရှိနေရာမှာ ရက်ပေါင်း ၁၈၀ ထက်မနည်း နေထိုင်ခဲ့ရင်၊ ကျွန်တော်တို့ အမြဲတမ်းနေရပ်ကိုလည်း ပြန်ပြီးမဲပေးလိုတဲ့ ဆန္ဒမရှိရင် ကိုယ့်ဌာနအကြီးအမှူးရဲ့ ထောက်ခံချက်နဲ့ ပုံစံ (၃-က) လို့ခေါ်တဲ့ ရွေးကောက်ပွဲ လျှောက်လွှာပုံစံနဲ့ ကျွန်တော့်အတွက်ဆိုရင်တော့ လက်ရှိနေထိုင်ရာ ဝန်ထမ်းအိမ်ရာရှိတဲ့ ဝဏ္ဏသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ ထပ်ဆင့်ထောက်ခံချက်နဲ့ဇမ္ဗူသီရိမြို့နယ် ကော်မရှင်အဖွဲ့ခွဲကို လျှောက်လိုက်ရုံပဲ။

ထောက်ခံချက်ယူတဲ့ကိစ္စကလည်း ဌာနတာဝန်ခံ ထောက်ခံမယ့်နေရာနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထပ်ဆင့်ထောက်ခံရမယ့်နေရာက ပုံစံ (၃-က) မှာ တစ်ခါတည်း ထည့်ထားတာ။ သီးခြားစာရွက်ပုံစံ မလိုပါဘူး။ ပုံစံ(၃-က) ကလည်း ရပ်ကွက်ကော်မရှင်မှာ အလကားရပါတယ်။ ကျွန်တော်တို့ကတော့ UEC Website က ယူလိုက်ပါတယ်။ ကျွန်တော်က နေပြည်တော်မှာ တာဝန်ကျတာ သုံးနှစ်နီးပါးရှိပြီဆိုတော့ အနည်းဆုံး ရက်ပေါင်း ၁၈၀ ဆိုတဲ့ သတ်မှတ်ချက်က ဘောင်ဝင်ပါတယ်။

ကျွန်တော့်အမြဲတမ်းနေရပ်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၄) ရပ်ကွက်ဆိုတော့ ကျွန်တော်ပြန်ပြီး မဲသွားပေးဖို့ သွားလာရတဲ့ စရိတ်၊ ရုံးမှာကလည်း မဲပေးမယ့်အချိန် အလုပ်များနေမှာဆိုတော့ မိမိနေရပ်ပြန်ပြီး မဲပေးဖို့က အခက်အခဲရှိတဲ့အတွက် ကျွန်တော်ရော ကျွန်တော့်ဇနီးပါ ပုံစံ(၃-က)နဲ့ ညွှန်ကြားရေးမှူးချုပ် ထောက်ခံချက်နဲ့ ဝဏ္ဏသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ ထပ်ဆင့်ထောက်ခံချက်နဲ့ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲကို ပေးပို့ထားပြီးပါပြီ။

ကျွန်တော်တို့ ညွှန်ကြားရေးမှူးချုပ်က ကျွန်တော်တို့ဌာနမှ ကျွန်တော့်လို လက်ရှိနေတဲ့ နေရာမှာ မဲစာရင်းပါအောင် ပုံစံ (၃-က) နဲ့ လျှောက်တဲ့စာရင်းတွေကို စုစည်းပြီး ဝန်ကြီးရုံးကို ပို့တယ်လည်း ကြားတယ်။ ဝန်ကြီးရုံးကတော့ ဝန်ကြီးဌာနတစ်ခုလုံးရဲ့ ပုံစံ (၃-က) နဲ့တောင်းဆိုတဲ့ မဲဆန္ဒရှင် စာရင်းတွေကို စုစည်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပို့ဖို့လုပ်နေတယ်လည်း ကြားပါတယ်။

ဒီအတိုင်းပဲ ကျွန်တော့်ညီအရင်းက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှာ တာဝန်ကျလို့ သွားနေတာ တစ်နှစ်တောင်ကျော်နေပြီ။ သူလည်း ကျွန်တော်နဲ့ ကမာရွတ်မြို့နယ် (၄) ရပ်ကွက်မှာပဲ အိမ်ထောင်စုစာရင်း (၆၆/၆) ရှိတာဆိုတော့ သူ့မဲစာရင်းလည်း ရန်ကုန်မြို့ ကမာရွတ်မြို့နယ်မှာပဲပါမှာ။ သူလည်း ရန်ကုန်ပြန်ပြီး မဲပေးဖို့ မဖြစ်နိုင်တော့ ကျွန်တော့်လိုပဲ ပုံစံ (၃-က) နဲ့ ဌာနရဲ့ ခရိုင်တာဝန်ခံထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထပ်ဆင့်ထောက်ခံချက်နဲ့ ဟင်္သာတကော်မရှင်အဖွဲ့ခွဲမှာ လျှောက်ထားတယ်လို့ပြောတယ်။

### အပြည့်အစုံထည့်ရ

ပုံစံ (၃-က) နဲ့ တောင်းရမှာဆိုတော့ ဘာတွေ ပုံစံမှာ ဖြည့်ရမှာလဲ၊ ခက်ခက်ခဲခဲလား၊ ဘာအထောက်အထားတွေလိုလဲ မေးခွန်းတွေ

> **ကျွန်တော်တို့ ဝန်ထမ်းတွေ မိမိအမြဲတမ်းနေထိုင်တဲ့ နေရပ်ကိုပြန်ပြီး မဲပေးဖို့ အခက်အခဲရှိတာသိလို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ဝန်ကြီးဌာနတွေက ပူးပေါင်းညှိနှိုင်းစီစဉ်ထားပြီးဖြစ်လို့ လက်ရှိနေရပ်မှာ မဲပေးနိုင်ဖို့ ပုံစံ (၃-က) နဲ့သာ ကိုယ့်အမည် မဲစာရင်းမှာပါဝင်အောင် ဆောင်ရွက်**

ရှိလာနိုင်ပါတယ်။ ကျွန်တော် ပုံစံ (၃-က) ကို ဖြည့်ပြီးပါပြီ။ လွယ်ကူရိုးရှင်းပါတယ်။ ကိုယ့်အမည်၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်၊ အဘအမည်၊ အမိအမည်၊ ကိုယ့်အလုပ်အကိုင် စတဲ့ကိုယ်အလွယ်တကူ ချက်ချင်းပေးနိုင်တဲ့ အချက်အလက်တွေပါပဲ။ နောက်အရေးကြီးတာက လက်ရှိနေရပ်လိပ်စာနဲ့ ကိုယ့်ရဲ့ အမြဲတမ်းနေရပ်လိပ်စာကို ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ် အပြည့်အစုံထည့်ရတယ်။

ဒါကလည်း ကိုယ့်ရဲ့ ပုံစံ (၆၆/၆) ရှိတဲ့ နေရာမှာ ကိုယ့်မဲစာရင်းပါနေမှာဆိုတော့ မဲစာရင်း မဖောင်းပွအောင် စိစစ်ပြီး မူလနေရပ်က မဲစာရင်းကို ဥပဒေနဲ့အညီ ဖျက်ရမှာပါ။ ကိုယ်က လက်ရှိနေရာမှာ ရက်ပေါင်း ၁၈၀ အနည်းဆုံး နေထိုင်ပြီးပြီဆိုတာရယ်၊ အခြားနေရာတွေက မဲစာရင်းတွေမှာ ပါဖို့တောင်းဆိုတာ မရှိဘူးလို့ ဝန်ခံလက်မှတ်ထိုးတာတို့ရယ် ဒါပါပဲ။ ဘာမှခက်ခဲတာ မဖြည့်နိုင်စရာ အချက်မရှိပါဘူး။ ဒီတော့ဗျာ ကျွန်တော်တို့ ဝန်ထမ်းတွေ မိမိအမြဲတမ်းနေထိုင်တဲ့ နေရပ်ကိုပြန်ပြီး မဲပေးဖို့ အခက်အခဲရှိတာသိလို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ဝန်ကြီးဌာနတွေက ပူးပေါင်းညှိနှိုင်းစီစဉ်ထားပြီးဖြစ်လို့ လက်ရှိနေရပ်မှာ မဲပေးနိုင်ဖို့ ပုံစံ (၃-က) နဲ့သာ ကိုယ့်အမည် မဲစာရင်းမှာ ပါဝင်အောင်ဆောင်ရွက်ကြဖို့ တိုက်တွန်းပါတယ် ခင်ဗျာ။ ။

---

ပုံစံ (၃-က)

**လွှတ်တော်ရွေးကောက်ပွဲများ**
**မဲစာရင်းတွင် ထည့်သွင်းပေးပါရန် တောင်းဆိုလွှာ**
[ နည်းဥပဒေ ၁၀ (က) ]

သို့

ဥက္ကဋ္ဌ
----------------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
---------------------------- မြို့

မှတစ်ဆင့်

ဥက္ကဋ္ဌ
----------------ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

(၁) တောင်းဆိုသူအမည် ----------------------------
(၂) ကျား/မ ----------------------------
(၃) မွေးသက္ကရာဇ် ---------------- အသက်( )
(၄) မှတ်ပုံတင်အမှတ် ----------------------------
(၅) အဘအမည် ----------------------------
(၆) အမိအမည် ----------------------------
(၇) လက်ရှိနေရပ်လိပ်စာ ----------------------------
----------------------------
(၈) အလုပ်အကိုင် ----------------------------
(၉) လက်ရှိလုပ်ကိုင်နေသော ကုမ္ပဏီ/လုပ်ငန်း အမည် ----------------------------
(၁၀) အမြဲတမ်းနေရပ်လိပ်စာ ----------------------------
----------------------------
(၁၁) အမြဲတမ်းနေရပ်၏ ----------------------------
ရပ်ကွက်/ကျေးရွာအုပ်စုအမည် ----------------------------
(၁၂) အမြဲတမ်းနေရပ်၏မြို့အမည် ----------------------------
(၁၃) အမြဲတမ်းနေရပ်၏မြို့နယ်အမည်----------------------------

တောင်းဆိုသူသည်မြန်မာနိုင်ငံသား/ ဧည့်နိုင်ငံသား / နိုင်ငံသားပြုခွင့်ရသူဖြစ်ပြီး မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ပါသည်။ တောင်းဆိုသူသည် အထောက်အထားအဖြစ် အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် သက်သေများကို တင်ပြပါသည် -

--------------------------------------------
--------------------------------------------

---

၂

**ဝန်ခံချက်**

အထက်ပါအချက်များအားလုံးမှန်ကန်ပါသည်။ တောင်းဆိုသူသည် လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ပြီး မည်သည့်အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှ ပါဝင်ရန် တောင်းဆိုထားခြင်း မရှိပါ။

တောင်းဆိုသူ၏ လက်မှတ် သို့မဟုတ်
လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ --------------------------

**လုပ်ငန်းတာဝန်ခံ /လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်**

အထက်ပါ လျှောက်ထားသူ ဦး/ဒေါ် --------------------သည် မိမိတို့ ဌာန/ကုမ္ပဏီ/လုပ်ငန်းတွင် -------------------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ထောက်ခံပါသည်။

လုပ်ငန်းတာဝန်ခံ /
လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏လက်မှတ်

ရက်စွဲ၊ --------------------------

**မှတ်ချက်။** အခြားပုဂ္ဂိုလ်များအတွက်ဖြစ်လျှင် ဌာနတာဝန်ခံ သို့မဟုတ် လုပ်ငန်းရှင်/လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက် ဖြည့်စွက်ရန်မလို။

**ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်**

လျှောက်ထားသူ ဦး/ဒေါ် ------------------------သည် --------------------ဌာန/ကုမ္ပဏီ/လုပ်ငန်းတွင် -------------------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း အလုပ်လုပ်ကိုင်လျက်ရှိကြောင်း / လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ကြောင်း ထောက်ခံပါသည်။

ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး
--------------------ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး

ရက်စွဲ၊ --------------------------

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၇၄ ရက်**

**သာ လိုတော့သည်။**

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/နသ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ယင်းသို့ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) နှင့် ပုံစံ (၄-ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
(၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
(၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
(၁) ၀၁-၃၃၃၁၆၃၅
(၂) ၀၉-၄၂၂၅၄၄၆၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
(၁) ၀၉-၈၈၁၄၄၆၆၈၆
(၂) ၀၉-၈၈၆၈၃၄၂၃၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၁၁၇၅
(၂) ၀၅၈-၂၃၄၃၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
(၁) ၀၁-၃၃၃၆၆၁၁
(၂) ၀၁-၃၃၃၆၆၂၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၅
(၂) ၀၇၁-၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၁၂၁၁
(၂) ၀၅၉-၂၀၂၃၅၂၅
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၂၁၂၆၈
(၂) ၀၅၂- ၂၂၀၁၉၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၈၉
(၂) ၀၆၃-၂၀၂၈၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၆၉၀၄၂
(၂) ၀၂-၄၀၆၇၃၄၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၂၅၆
(၂) ၀၅၇-၂၀၂၄၃၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
(၁) ၀၉-၄၂၁၇၄၂၄၈
(၂) ၀၉-၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၂၅၀၆၂၉၃
(၂) ၀၁-၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၉၉၅
(၂) ၀၈၁-၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၄၆၁၆
(၂) ၀၄၂-၂၃၇၈၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တရုတ်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ ခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှမန်ခရီးစဉ်၊ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အစိုးရ၊ ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။



အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဘာသာရပ်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဆောင်၍ ညီနောင်အသင်းများဖြစ်သော မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာ့သဘာဝရော်ဘာ ရေရှည်တည်တံ့မှုဖော်ဆောင်ရေးအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ရေလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ တရုတ်ပြည်သူ့သမ္မတ၏နိုင်ငံခရီးစဉ်လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ ယွမ်ငွေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လက်ခံဆောင်ရွက်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၌ နည်းပညာမြှင့်တင်၍ ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေး၊ သတ္တုဆင့်တက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ မိမိတို့နိုင်ငံ၏ ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် အဆိုပါကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်ရေး၊ AI အပါအဝင် နည်းပညာမြှင့်တင်နိုင်ရေးအတွက် တရုတ်စီးပွားရေး လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ရန်ကုန်မြို့နှင့် ချန်ဒူးမြို့ တိုက်ရိုက်လေကြောင်းလိုင်းနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူကျန်ပြည်နယ် ရှမန်ခရီးစဉ်တွင် ရှမန်မြို့၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြပွဲတွင် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းများမှ ပြခန်းဝင်ရောက်ပြသနိုင်ခဲ့မှုအခြေအနေနှင့် စီးပွားရေးအဆက်အသွယ်များ၊ ခရီးစဉ်အတွင်း ရှမန်နှလုံးသွေးကြောဆိုင်ရာ အထူးကုဆေးရုံကြီးနှင့် ဆေးပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ခဲ့မှုအပေါ် လုပ်ငန်းခွင်သင်တန်း၊ လက်တွေ့ကုသရေး သင်တန်းသားများ ရွေးချယ်စေလွှတ်ရေး အခြေအနေများနှင့် ရန်ကုန်မြို့နှင့် ရှမန်မြို့ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနိုင်ရေးနှင့် မြန်မာနိုင်ငံမှ ရေထွက်ကုန်များနှင့် ဆန်ကိုတိုးမြှင့် တင်ပို့နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ခရီးစဉ်တွင်လည်း မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေး တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အသေးစိတ်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ဘယ်လာရုစ်နိုင်ငံသို့ ဆန်၊ ရော်ဘာ၊ ချုပ်ပြီး အဝတ်အထည်နှင့် ရေထွက်ပစ္စည်းများ တင်ပို့နိုင်ရေးကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ဆေးဝါးကဏ္ဍ၌ ဆေးဝါးနှင့် ဆေးကိရိယာပစ္စည်းများ အထူးသဖြင့် ကင်ဆာရောဂါကုသရေးဆေးဝါးများ တင်သွင်းဆောင်ရွက်ရေး၊ ဘယ်လာရုစ်နိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အရောင်းပြခန်း ဖွင့်လှစ်မိတ်ဆက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံခရီးသွားကဏ္ဍတို့အကြား Package Tour များ စီစဉ်ဆောင်ရွက်ရေး၊ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ ဖော်ထုတ်ရေး ဆွေးနွေးခဲ့ပါကြောင်း၊ အဆိုပါကဏ္ဍများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်အတွက် ဖိတ်ကြားထားသည့် သက်ဆိုင်ရာ ဌာနများနှင့် အဖွဲ့အစည်းများက ကဏ္ဍအလိုက် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတို့နှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်လာရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ ထို့အတူ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုတိုးတက်မြင့်မားလာစေရေး ဆောင်ရွက်နေမှုအခြေအနေများ၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံဖြစ်သဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တရုတ်ယွမ်ငွေဖြင့် လက်ခံဆောင်ရွက်နိုင်ရေးအခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများ တိုးမြှင့်စေရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့်အခြေအနေများ၊ သွင်းကုန်အစားထိုး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ဖိတ်ခေါ်ဆောင်ရွက်မှုအခြေအနေများ၊ EV မော်တော်ယာဉ်တင်သွင်းထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ SKD၊ CKD စနစ်မှတစ်ဆင့် MSME လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့် စပ်လျဉ်း၍ ဈေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ်တင်ပို့နိုင်ရေး၊ ဈေးကွက်သတင်းရရှိရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရေး ကိစ္စရပ်များ၊ ဘယ်လာရုစ်နိုင်ငံသို့ ဆန်၊ ရော်ဘာနှင့် ရေထွက်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအသင်းအဖွဲ့များက ကြိုတင်ပြင်ဆင်ထားရှိရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်းနှင့် တက်ရောက်လျက်ရှိသော စီးပွားရေးအဖွဲ့အစည်းများကလည်း လိုအပ်သည်များ အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်မှုအခြေအနေ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စာချုပ်ချုပ်ဆိုဆောင်ရွက်ထားရှိမှုအခြေအနေ၊ နှစ်နိုင်ငံ ကုန်သွယ်မှု တိုးမြှင့်နိုင်ရေး၊ ကုန်စည်ပြပွဲနှင့် စီးပွားရေးဖိုရမ်များ ကျင်းပပြုလုပ်နိုင်ရေး၊ စက်မှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် တက်ရောက်လာသည့် တာဝန်ရှိသူများက နယ်ပယ်ကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

သတင်းစဉ်



## ကျောင်းကုန်းမြို့၌ အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

ကျောင်းကုန်း အောက်တိုဘာ ၁၄

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ကျောင်းကုန်းမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး အဖွဲ့ဝင် (၁) ဗိုလ်မှူး နေဝင်းနောင်က တူညီဝတ်စုံပေးအပ်ရာ တပ်ဖွဲ့ဝင်တစ်ဦးက လက်ခံရယူသည်။

အဆိုပါသင်တန်းသို့ ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၅ အုပ်စုတို့မှ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက် ၃၀ ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်နေမှုနှင့် ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၄

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ နေပြည်တော်အတွင်း သန့်ရှင်း သာယာလှပစေရေး ဆောင်ရွက်နေမှုနှင့် ငလျင်ဘေး ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



### ကြည့်ရှုစစ်ဆေး

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ရာဇသင်္ဂဟလမ်းသို့ သွားရောက်ပြီး ကြာကန်ပေါင်နှင့် ကန်အတွင်း သန့်ရှင်း သာယာလှပရေး ဆောင်ရွက်နေမှု၊ လမ်းဘေးဝဲ/ယာ၊ လမ်းလယ်ကျွန်း တစ်လျှောက် စိမ်းလန်းစိုပြည်ရေး ရာသီအလိုက် ပန်းအလှပင်များနှင့် အရိပ်ရအပင်များ ထပ်မံစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးသည့်အပင်များ ရှင်သန်ကြီးထွားအောင် စိုက်ပျိုးကြရန်၊ လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ရာဇသင်္ဂဟလမ်းနှင့် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းအနီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများ၊ မြေထိန်းနံရံများနှင့် လမ်းဘေးပလက်ဖောင်းများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အား တိုးမြှင့်ဆောင်ရွက်ရေး၊ လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်အချိန်အတွင်း ပြီးစီးစေရန်နှင့် အရည်အသွေး စံချိန်၊ စံညွှန်းများ ကိုက်ညီမှုရှိစေရန် စစ်ဆေးဆောင်ရွက်ရေး၊ ရေရှည်တည်တံ့မှုရှိစေရန် ပြုပြင်ထိန်းသိမ်းရေး၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ လုပ်ငန်းခွင်တွင် အသုံးပြုရေး၊ ငလျင်ဒဏ်အပြင် သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

# ငြိမ်းချမ်းရေးရရှိမှသာ တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းလာပြီး လူ့အခွင့်အရေးများ ရရှိခံစားနိုင်မည်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## သတင်းထုတ်ပြန်ချက်အမှတ် (၁၃/ ၂၀၂၅)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA) ကို ပြည်တွင်းနှင့် နိုင်ငံတကာ အသိသက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့သည်မှာ ယနေ့တွင် (၁၀) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ အဆိုပါ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)သည် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုစသည်တို့ကို အခြေခံကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် ပါဝင်သင့်သူအားလုံး ပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် ဦးတည်ဆောင်ရွက်သည်ကို တွေ့ရှိရပါသည်။

၂။ ယင်းဦးတည်ချက်နှင့်အညီ ၂၀၂၅ ခုနှစ်အတွင်း နယ်ပယ်အသီးသီးမှ အဖွဲ့အစည်းများ၊ အလွှာအသီးသီးမှ ပုဂ္ဂိုလ်များပါဝင်သည့် ငြိမ်းချမ်းရေးစကားဝိုင်းနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ယင်းဆောင်ရွက်ချက်များသည် စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။ ငြိမ်းချမ်းရေးရရှိမှသာ တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းလာပြီး လူ့အခွင့်အရေးများ ရရှိခံစားနိုင်မည် ဖြစ်ပါသည်။

၃။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများတွင် ငြိမ်းချမ်းရေး ပျက်ပြားစေတတ်သည့် အရေးကိစ္စရပ်များကို ပြေလည်ကျေအေးအောင် ဆောင်ရွက်ရာ၌ တရားမျှတမှုအခြေခံမူများ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေများနှင့်အညီ ငြိမ်းချမ်းသောနည်းလမ်းများ ကျင့်သုံးရန် ချမှတ်ထားပါသည်။ ထို့အတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၌ လူတိုင်းကို မည်သည့်အကြောင်းကြောင့်မျှ ခွဲခြားမှုမပြုဘဲ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များရရှိစေရန် ဖော်ပြထားသကဲ့သို့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)၏ အခြေခံမူများတွင်လည်း ဤပြည်ထောင်စုအတွင်း နေထိုင်ကြသော နိုင်ငံသားအားလုံးကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လိင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူရည်တူ အခွင့်အရေးရရှိစေရန်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၄။ ယင်းအခွင့်အရေးများကို အပြည့်အဝရရှိခံစားနိုင်ရန်နှင့် တရားမျှတမှုနှင့် လူ့အခွင့်အရေးအပေါ် အခြေခံသော ဒီမိုကရေစီဖက်ဒရယ်စနစ် ဖော်ဆောင်ရာတွင် နိုင်ငံတွင်းပစ်ခတ်တိုက်ခိုက်မှုများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းမှုရရှိရန် အားလုံးက ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံတွင်း ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲစေရေးအတွက်သာမက ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေး (Right to Development)အတွက် ကြီးမားစွာအထောက်အပံ့ဖြစ်စေပါသည်။

၅။ နိုင်ငံတွင်း မှီတင်းနေထိုင်ကြသူများအားလုံး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းသောနိုင်ငံတော်ဖြစ်ပေါ်လာစေရေးကြိုးပမ်းသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုပါကြောင်းနှင့် ဆက်စပ်ကျင်းပမည့် ဆွေးနွေးပွဲများကို ကြိုဆိုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်

# ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်



**နေပြည်တော် အောက်တိုဘာ ၁၄**

ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်းကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က သီးနှံအထွက်တိုးရန် နည်းပညာတစ်ခုတည်းကို အာရုံစိုက်ခြင်းထက် တောင်သူများ၏ အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး တည်ငြိမ်မှုများကို ဦးစားပေးသည့် ချဉ်းကပ်မှုနည်းလမ်းဖြင့် အထွက်နှုန်းတည်ငြိမ်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တစ်ဧကအထွက်နှုန်း တိုးတက်ရေး ဆောင်ရွက်ရာတွင် အဓိကသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး စပါးသီးနှံ ပန်းတိုင်အထွက်နှုန်းကို မိုးစပါးရာသီအတွက် တစ်ဧက တင်း ၁၀၀၊ နွေစပါးရာသီအတွက် တစ်ဧက တင်း ၁၁၀ ထွက်ရှိရေး သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ရေမြေသဘာဝအလိုက် အထွက်နှုန်းကွဲပြားမှု၊ သုတေသနအထွက်နှုန်းနှင့် တောင်သူအမှန် အထွက်နှုန်းတို့အကြား ကွာဟမှုများ ဖြစ်နေခြင်းတို့၏ အကြောင်းရင်းများကို ဖော်ထုတ်၍ စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုဖွင့်လှစ်ပို့ချပေးလိုက်သည့် ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်း၏ ပို့ချချက်များကို စနစ်တကျလေ့လာမှတ်သားရန်နှင့် သက်ဆိုင်ရာဒေသများ၌ ပြန်လည်ဆင့်ပွားပို့ချရာတွင်လည်း ဝန်ထမ်းငယ်များကို ပြည့်ပြည့်စုံစုံ ရှင်းလင်းဆွေးနွေးပေးကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် တိုင်းဒေသကြီး/ပြည်နယ် ခုနစ်ခုရှိ စိုက်ပျိုးရေးဦးစီးဌာနများမှ အရာထမ်း/အမှုထမ်း ၃၃ ဦး တက်ရောက်လျက်ရှိပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခ (ဌာနမှူး)များက အောက်တိုဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ပို့ချဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ စပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန်အတွက် စပါးသီးနှံ၏ သုတေသနအထွက်နှင့် တောင်သူ အမှန်အထွက်တို့အကြား ကွာဟမှုဖြစ်ပေါ်နေရသည့် အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ဆန်းစစ်လေ့လာခြင်းဆောင်ရွက်ရန် ဒေသအသီးသီးတွင် စစ်တမ်းကောက် ဆန်းစစ်လေ့လာကြမည့် ဝန်ထမ်းများကို ထပ်ဆင့်ပွားသင်ကြားပို့ချပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံသို့ သွားရောက်ပြီး ဘယ်လာရုစ်နိုင်ငံထုတ် Belarys–451(49.8 HP) ထွန်စက်ကြီး၊ Belarys–522(62 HP) ထွန်စက်ကြီးနှင့် Belarys–820(81 HP) ထွန်စက်ကြီးများ၏ စက်စွမ်းအားပြ ထွန်ယက်ခြင်းကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများက ထွန်စက်ကြီးများ၏အရည်အသွေးနှင့် မြန်မာ့ရေမြေတွင် လက်တွေ့အသုံးပြုနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရေမြေ ဒေသအမျိုးမျိုးတွင် လက်တွေ့အသုံးပြုပြီး နည်းပညာပိုင်းတွေ့ရှိချက်များ ဆက်လက်လေ့လာဆောင်ရွက်ရန်နှင့် စက်၏တန်ဖိုး၊ စွမ်းဆောင်ရည်နှင့် အသုံးဝင်မှုအပေါ် တောင်သူများ၏ သဘောထားမှတ်ချက်ရယူရေး စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၄**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Authorized Economic Operators – AEO) အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ အစီအစဉ်နှင့်ပတ်သက်၍ အမှာစကားပြောကြားကာ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က Shwe Wah Yaung Agriculture Production Co., Ltd. နှင့် Proven Technology Industry Co., Ltd. တို့ကို အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ AEO (Level–2) အသိအမှတ်ပြုလက်မှတ်များ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Wilmar Myanmar Riceland Limited၊ Wilmar Myanmar Edible Oils Limited နှင့် UPG Paint & Coating Co., Ltd. တို့ကို အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ AEO (Level–1) အသိအမှတ်ပြုလက်မှတ်များကို တာဝန်ရှိသူများထံ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ AEO အဖြစ် အသိအမှတ်ပြုလက်မှတ်ချီးမြှင့်ခံရသည့် ကုမ္ပဏီများကိုယ်စား UPG Paint & Coating Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအေးဟန်က ကျေးဇူးတင်စကားပြောကြား၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်၌ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆု ၃၀၊ ငွေတံဆိပ်ဆု ၂၁ ဆု၊ ကြေးတံဆိပ်ဆုရှစ်ဆု၊ ဂုဏ်ပြုဆုတစ်ဆုဖြင့် အဆင့်(၁)နေရာ ရရှိခဲ့သည့် အောင်ပွဲရပြိုင်ပွဲဝင်များအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ် အသီးသီးမှ ပါမောက္ခချုပ်များ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြား၍ ပြိုင်ပွဲများ၏ မှတ်တမ်း Video Clip အားပြသပြီး ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အောင်ပွဲရပြိုင်ပွဲဝင်များနှင့် တက်ရောက်လာကြသူများအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

# အခြေခံပညာကဏ္ဍ သင်ကြား၊ စီမံရေးရာဝန်ထမ်းများ၏ ရာထူးတိုး၊ အပြောင်းအရွှေ့ဆိုင်ရာမူဝါဒများသုံးသပ်ခြင်းနှင့် တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေး နည်းလမ်းများဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၄**

အခြေခံပညာကဏ္ဍ သင်ကြား၊ စီမံရေးရာဝန်ထမ်းများ၏ရာထူးတိုး၊ အပြောင်းအရွှေ့ဆိုင်ရာမူဝါဒများ သုံးသပ်ခြင်းနှင့် အရည်အသွေးပြည့်မီစွာ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ တိုင်းဒေသကြီးပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အခြေခံပညာအောက်တွင်ရှိသည့် အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများ၏ ရာထူးတိုး၊ အပြောင်းအရွှေ့မူဝါဒများသည် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှ ပိုမိုကောင်းမွန်သည့် မူဝါဒများချမှတ်နိုင်ရေး ကျင်းပခြင်းဖြစ်ပြီး ရည်ရွယ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်အညီ အကောင်းဆုံးသော အတိုးအပြောင်းမူဝါဒများကို ဆွေးနွေးနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများဖြစ်သည့် KG+9 ပြီးမြောက်အောင်မြင်ရန်နှင့် တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေးတို့ကို အောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

တန်းစဉ်ကူးပြောင်းမှုနှုန်း မြင့်မားရေးအတွက် အထောက်အကူပြုစေရန် ယခုဆွေးနွေးပွဲတွင် အလေးအနက်ထား ဆွေးနွေးပေးကြစေလိုပါကြောင်း၊ ရာထူးတိုးပြောင်းကိစ္စရပ်များနှင့် ပတ်သက်၍ ဗဟိုအဆင့်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်အလိုက် ဆောင်ရွက်ရာတွင် ယခုဆွေးနွေးပွဲမှ ချမှတ်လိုက်သည့် မူဝါဒများနှင့်အညီ ရာထူးတိုးအပြောင်းအရွှေ့များကို ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခုဆွေးနွေးပွဲ၏ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်စေရန်နှင့် အကောင်းဆုံးမူဝါဒများ ချမှတ်နိုင်ရေးနှင့် ပညာရေးကဏ္ဍအတွက် ကောင်းမွန်သည့် ရလဒ်ကောင်းများရရှိနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပိုမိုကောင်းမွန်သော မူဝါဒများချမှတ်နိုင်ရေးနှင့် တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားရေးတို့အတွက် ဖြည့်စွက်ပြောကြားပြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က အခြေခံပညာကဏ္ဍ သင်ကြား၊ စီမံရေးရာဝန်ထမ်းများ၏ ရာထူးတိုးအပြောင်းအရွှေ့ဆိုင်ရာမူဝါဒများ သုံးသပ်ခြင်းနှင့် အရည်အသွေးပြည့်မီစွာ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အပြောင်းအရွှေ့၊ ရာထူးတိုးလုပ်ငန်းများအတွက် အုပ်စုများခွဲ၍ ဝိုင်းဝန်းဆွေးနွေးကြကာ ဆွေးနွေးချက်များကို အုပ်စုအလိုက် အနှစ်ချုပ်တင်ပြကြသည်။

အဆိုပါ ဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက်မှ ၁၅ ရက်အထိ နှစ်ရက်ကြာပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် လှိုင်ကော်တက္ကသိုလ် ဖွင့်လှစ်သင်ကြားနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၄**

လှိုင်ကော် တက္ကသိုလ်ကို အောက်တိုဘာ ၁၃ ရက်တွင် စတင်၍ ပြန်လည်ဖွင့်လှစ်ပြီးဖြစ်ရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယင်းနေ့နံနက်ပိုင်းက လှိုင်ကော်တက္ကသိုလ် အဝေးသင်ဒုတိယအသုတ် အနီးကပ်သင်တန်းများ ဖွင့်လှစ်၍ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပထမနှစ်မှ စတုတ္ထနှစ်အထိ ဖွင့်လှစ်လျက်ရှိသည့် အနီးကပ်သင်တန်းများသို့ တက်ရောက်ပညာသင်ယူ လျက်ရှိကြသော အဝေးသင် ကျောင်းသားကျောင်းသူများအား ပင်မဆောင်ရှိ စာသင်ခန်းအသီးသီးတွင် ဝင်ရောက်တွေ့ဆုံ၍ လှိုင်ကော်တက္ကသိုလ်ကြီးကို ပြန်လည်ဖွင့်လှစ်ပြီးဖြစ်သဖြင့် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ပါကြောင်း၊ စာသင်ဆောင်၊ အိပ်ဆောင်များ ပျက်စီးမှုကို နိုင်ငံတော်က ဘတ်ဂျက်များစွာသုံးစွဲ၍ ပြင်ဆင်ပေးခဲ့သဖြင့် ယခုကဲ့သို့ မိမိရပ်ရွာဒေသတွင် အေးချမ်းစွာပညာသင်ကြားခွင့်ရရှိပြီ ဖြစ်ပါကြောင်း၊ စိမ်းလန်းစိုပြည် လှပနေပြီဖြစ်သော လှိုင်ကော်တက္ကသိုလ်ကြီး အစဉ်အမြဲ တည်မြဲလှပနေအောင် ထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားကာ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဘက်စုံသုံးခန်းမနှင့် ဘာသာရပ်ဌာန ရုံးခန်းများကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ လှိုင်ကော်တက္ကသိုလ်တွင် တာဝန် ထမ်းဆောင်နေကြသည့် ဆရာဆရာမများ၊ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ပြည်ထောင်စုဝန်ကြီး၏ ချီးမြှင့်ငွေများကို ခေတ္တပါမောက္ခချုပ်အား ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ အိပ်ဆောင်၊ အားကစားကွင်း၊ အားကစားရုံများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး ပြည်နယ်အစိုးရအဖွဲ့ရုံးသို့သွားရောက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်ကို ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် လှိုင်ကော်မြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာ အထက်ကျောင်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေးအားပေးပြီး ပြည်ထောင်စုဝန်ကြီး၏ ချီးမြှင့်ငွေများကို ကျောင်းအုပ်ကြီးများအား ပေးအပ်ကာ လှိုင်ကော်ပညာရေး ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများကို တွေ့ဆုံအားပေးစကားပြောကြား၍ ဆရာဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာအနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် ယူနန်ပြည်နယ် ပရဟိတအဖွဲ့ Yunnan Overseas Chinese Charity Foundation တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာအနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး အသင်း (MACA)နှင့် ယူနန်ပြည်နယ် ပရဟိတအဖွဲ့ဖြစ်သော Yunnan Overseas Chinese Charity Foundation(YOCCF)တို့ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် ဂုဏ်ပြုလွှာပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပသည်။


အခမ်းအနားတွင် MACA ဥက္ကဋ္ဌ ဒေါ်အေးသဥ္ဇာသူနှင့် (YOCCF) ဥက္ကဋ္ဌ Mr. XIA Yong၊ Peking University Cancer Hospital Yunnan Hospital ဥက္ကဋ္ဌ Mr. QIN Jiyong တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် မြန်မာအနုပညာနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး အသင်းဥက္ကဋ္ဌနှင့် Yunnan Overseas Chinese Charity Foundation(YOCCF) ဥက္ကဋ္ဌတို့က နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးပြီး မြန်မာအနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒါရိုက်တာပန်းချီစိုးမိုး၊ဥက္ကဋ္ဌ ဒေါ်အေးသဥ္ဇာသူတို့က တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

အဆိုပါ Yunnan Overseas Chinese Charity Foundation သည် အောက်တိုဘာ ၉ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့ သဃ်န်းကျွန်း စံပြဆေးရုံတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးငယ်များအား အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။

မြန်မာအနုပညာနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး အသင်းသည် နှစ်နိုင်ငံယဉ်ကျေးမှုများ ပိုမိုဖလှယ်နိုင်စေရေးအတွက် မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုပွဲတော်များနှင့် ယူနန်ပြည်နယ်ရှိ ယဉ်ကျေးမှုပွဲတော်များတွင် အပြန်အလှန် ဖိတ်ကြား၍ အတူတကွပါဝင်ဆင်နွှဲနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အနုပညာနှင့်သက်ဆိုင်သော ကဏ္ဍအသီးသီးမှ ပညာရှင်များနှင့် ယူနန်ပြည်နယ်ရှိ ယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍအသီးသီးမှ ပညာရှင်များအား တွေ့ဆုံစေ၍ အပြန်အလှန် ယဉ်ကျေးမှုများ ဖလှယ်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာနှင့် သက်ဆိုင်သော ကဏ္ဍအသီးသီးမှ ပညာရှင်များနှင့် ယူနန်ပြည်နယ်ရှိ ယဉ်ကျေးမှု အနုပညာကဏ္ဍအသီးသီးမှ ပညာရှင်များကို တွေ့ဆုံစေ၍ အပြန်အလှန် ယဉ်ကျေးမှုများဖလှယ်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်ခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းသပိတ်လောင်းလှူပွဲကျင်းပ

**မုံရွာ အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သမိုင်းဝင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းသပိတ် ၁၀၀၀ လောင်းလှူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်ကြီးရှိ ဓမ္မာရုံ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ မုံရွာမြို့ ဘုရားရပ်ကွက် သာစံကျောင်းတိုက်ဦးစီးပဓာနနာယက ဘဒ္ဒန္တ တေဇဝန္တထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပင့်သံဃာဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆေးများနှင့် ဆွမ်းသပိတ်များ ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တသူရိယထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်နေပြည်သူများက မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များမှ ဆရာတော် သံဃာတော် အပါး ၁၀၀၀ အား ဆွမ်းသပိတ်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် သစ်သီးများ ဆက်ကပ်လောင်းလှူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ သမိုင်းဝင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်နေမှုကို သွားရောက် ကြည့်ရှုဖူးမြော်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ရန်ကုန်မြို့ ဓမ္မစကြာကျောင်းတိုက်ဆရာတော်၊ သိမ်တောင်တိုက်သစ်ကျောင်းခတ်တော်ပြတိုက် ဆရာတော်များနှင့် မလေးရှားနိုင်ငံမှ အလှူရှင်များက ဓာတုစေတီတော်များ ပေးအပ်လှူဒါန်း

**တောင်ကြီး အောက်တိုဘာ ၁၄**

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအား ဦးထိပ်ထား၍ ရန်ကုန်မြို့ ဓမ္မစကြာကျောင်းတိုက် ဆရာတော်၊ သိမ်တောင်တိုက်သစ်ကျောင်း ခတ်တော်ပြတိုက်ဆရာတော်များနှင့် မလေးရှားနိုင်ငံမှ အလှူရှင် Dr.Teo Choo Guan (Chairman Of WAKI Inter – national Group) Malaysia က ဓာတုစေတီများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဧည့်ပရိသတ်များက မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မဟာသုန္ဒရာ ရာမ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက လက်ပန်တောင်း ဆရာတော် ဘဒ္ဒန္တအာဝုဓထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့်ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူသည်။

ဆက်လက်၍ မလေးရှားနိုင်ငံမှ အလှူရှင် Dr. Teo Choo Guan က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့် ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင်၊ ဦးစိုင်းလိတ်၊ ဦးမင်းမင်းလွင်၊ ဥပဒေချုပ် ဦးစိုင်းကျော်ဇံနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စေတနာမွန် ရွှေပဲစားသုံးဆီလုပ်ငန်း မိသားစုနှင့် အလှူရှင်များက နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးထံ ဆေးနှင့် နဝကမ္မအလှူတော်ငွေများ စိုက်ထူလှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ကမ္ဘာတည်မည့် ငြိမ်းချမ်းရေး

✳ စာလုံးလေး သုံးလုံးက
အပြုံးဟူသမျှ ပွင့်နိုင်သည်။
✳ သာမော ကြည်ရွှင်လို့
ပြည်တစ်ခွင် စည်ပင်ဖြိုးအောင်
အကျိုးဆောင်မည်။
✳ သာသနာ ထွန်းပလို့
လောကပါလ တရားများ
ပြန့်ပွား ခိုင်မာတည်
ဘေးမသီ ရန်မချဉ်း။
✳ "ငြိမ်းချမ်းရေး" ပါတဲ့
တွေးကြည့်ရုံနဲ့ ရင်မှာတိမ်း
ကြားမိရုံနဲ့ ရင်မှာကိန်း
ငြိမ်းအေးဘိခြင်း။
✳ စစ်ပွဲတွေ တိုက်ပွဲတွေက
မှန်တဲ့အဖြေ မဟုတ်ပြီ။
✳ သမိုင်းတင် သက်သေထား
မှားခဲ့ကြာရှည်။
✳ ယမ်းခိုးယမ်းငွေ့ ကင်းစင်မှ
အေးချမ်းလှပ ဖွံ့ဖြိုးမည်
ပြည်သူနဲ့ နိုင်ငံ့အရေး။
✳ ဖြစ်ချင်ရာထက်
ဖြစ်နိုင်ရာ ဦးစားပေး
ဖြစ်သင့်ရာ သေချာရွေးလို့
ဆွေးနွေးအဖြေရှာ ခေါင်းဆုံဝိုင်း
နှိုင်းချင့်မြော်တွေး။
✳ စားပွဲဝိုင်းမှာ အတူစုဝေး
ဆွေးနွေးခြင်း အနုပညာ။
✳ အလျှော့ အတင်းနဲ့
စိတ်ရင်းဖြူ သဘောဖြောင့်
ကြောင့်ကြ ကင်းစွာ။
✳ အတိတ်ကို အတိတ်မှာထား
အာဃာတများ စွန့်ကြပါ
တူရာက ခရီးအစပျိုး။
✳ တစ်ယောက်မကျန် နောက်မချန်ဘဲ
မဖောက်မပြန် အတူလက်တွဲ
ရဲရဲရှေ့တိုး။
✳ "လာချင်လျှင်အနီးလေး
မလာချင်လျှင် ခရီးဝေး"သတဲ့
တွေးချင့်လို့ သတိဆောင်။
✳ အမြင်သာ နီးပေမယ့်
ခရီးဝေးတဲ့ တောင်။
✳ နားလည်မှု ယုံကြည်မှုတွေနဲ့
ပွင့်လင်းမှု ကိုယ်စီဆောင်
အောင်ရမည် မလျှော့ခွဲ။
✳ မကြာမီ
ကမ္ဘာတည်မယ့် "ငြိမ်းချမ်းရေး"ကို
အားလုံးအတွက်
လက်ဆောင်ပေးဖို့ရယ်
တွေးမျှော်လင့်ကဲ။

ဇော်မင်းမင်းဦး

# ထားဝယ်မြို့၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး စီမံကိန်းလုပ်ငန်းသုံးပစ္စည်း ပေးအပ်



ထားဝယ် အောက်တိုဘာ ၁၄

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်က အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးမြင့်နိုင်က ထားဝယ်မြို့ရှိ ဆင်ဆိပ်ရပ်ကွက်နှင့် ဇလွန်းကျေးရွာတို့တွင် စက်ချုပ်သင်တန်း၊ ကျောက်မော်ရပ်ကွက်တွင်တန်ဖိုးမြှင့် စားသောက်ကုန်သင်တန်း၊ သပြေချောင်းကျေးရွာတွင် ဆိုင်ကယ်ပြင်သင်တန်းစသည့်နေရာတို့တွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ထားဝယ်မြို့ ကျောက်မော်ရပ်ကွက်၊ ဆင်ဆိပ်ရပ်ကွက်၊ သပြေချောင်းကျေးရွာနှင့် ဇလွန်းကျေးရွာတို့မှ သင်တန်းဆင်း ထူးချွန်သူ ငါးဦးတို့အား တစ်ဦးလျှင် တန်ဖိုးငွေကျပ် ၁၆ သိန်းနှင့် ညီမျှသော လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ပြီး သင်တန်းဆင်းထူးချွန်သူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါစီမံကိန်းကို တနင်္သာရီတိုင်းဒေသကြီးအတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် ထားဝယ်ခရိုင်မှ လေးရွာ၊ မြိတ်ခရိုင်မှ သုံးရွာ၊ ကော့သောင်းခရိုင်မှ သုံးရွာ ဆောင်ရွက်ခဲ့ပြီး စီမံကိန်းတစ်ခုလျှင် ရပ်ကွက်/ ကျေးရွာများအလိုက် အခြေခံနှင့် မွမ်းမံသင်တန်း နှစ်ကြိမ်စီပေးကာ ထူးချွန်သင်တန်းသားငါးဦးအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပြီး အောင်မြင်သော အသေးစားလုပ်ငန်းရှင်များ ပေါ်ထွန်းလာအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စိန့်ပီတာစဘတ်မြို့ Napalkov Cancer Centre မှ Professor Dr. Moiseyenko ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်



**နေပြည်တော် အောက်တိုဘာ ၁၄**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ Napalkov Cancer Centre မှ ကင်ဆာရောဂါ အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဗလာဒီမာမိုရီဆေးယန်ကိုနှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်လင်းအေးနှင့် သက်ဆိုင်ရာဘာသာရပ် အသီးသီးမှ ပါမောက္ခများနှင့် အထူးကုဆရာဝန်ကြီးများက ကြိုဆိုကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ဇွန်လတွင် စိန့်ပီတာစဘတ်မြို့ Napalkov Cancer Centre ၌ မျက်လုံးကြွက်သားကင်ဆာ ခွဲစိတ်ကုသမှုခံယူခဲ့သော ပုသိမ်မြို့နေ ၂၂ နှစ်အရွယ် အမျိုးသားလူနာအား တွေ့ဆုံခဲ့ပြီး ရောဂါတိုးတက်မှုအခြေအနေများကို ကြည့်ရှုရာ ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ အထူးကုဆရာဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အဆိုပါလူနာမှာ ကျန်းမာရေး ကောင်းမွန် တိုးတက်လျက်ရှိသည်။ ထို့နောက်အထွေထွေခွဲစိတ်ကုဌာန၊ ကင်ဆာဆေးကုဌာနနှင့် ဓာတ်ရောင်ခြည်ကု ဌာနများမှ ကင်ဆာရောဂါ ခံစားနေရသော သံဃာတော် တစ်ပါးအပါအဝင် လူနာခုနစ်ဦးအား ကြည့်ရှုစစ်ဆေး၍ လူနာများအတွက် ပိုမိုသင့်တော်ကောင်းမွန်သည့် ကုထုံးများကို ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ အထူးကုဆရာဝန်ကြီးနှင့် ဆွေးနွေးတိုင်ပင်ကြသည်။

ဆက်လက်၍ ခုနစ်ထပ်ဆောင်သစ် အစည်းအဝေးခန်းမတွင် ဆေးရုံအုပ်ကြီးက ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လူနာများအား ကုသပေးနေမှုအခြေအနေ၊ ပါမောက္ခ/ ဌာနမှူး (ကင်ဆာဆေးကု) ဒေါက်တာ ဖြူဖြူသိမ့်က ကင်ဆာဝေဒနာရှင်များအား ဆေးကုသပေးနေမှုအခြေအနေ၊ ပါမောက္ခ/ ဌာနမှူး (ဓာတ်ရောင်ခြည်) ဒေါက်တာ မိုးလှိုင်က ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ အမျိုးသားကင်ဆာကုဌာနအပါအဝင် ရောင်ခြည်ဖြင့် ကုသပေးနေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် Professor Dr. Moiseyenko က "Why We Cannot Cure Cancer: The Role of Chemotherapy and Immunotherapy in Solid Tumors" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Dr. Tatiana Sharabura က "Stereotactic Body Radio-therapy" ခေါင်းစဉ်ကို Video Conferencing ဖြင့်လည်းကောင်း ဆေးပညာ နှီးနှောဖလှယ်ပွဲကို ကျင်းပပြုလုပ်ရာ ပါမောက္ခချုပ် ဒေါက်တာ ကျော်ရွှေ၊ ဆေးတက္ကသိုလ် - ၁ (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ခင်အောင်ထွန်း၊ တပ်မတော် ဆေးတက္ကသိုလ်နှင့် ပါမောက္ခ(ဌာနကြီးမှူး) ပါမောက္ခ ဒေါက်တာ မင်းဇော်ဦးနှင့် တက်ရောက်လာသူများကပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀) မင်္ဂလာဒုံ၊ ခုတင် - ၅၀၀ အထူးကုဆေးရုံကြီးနှင့် အထွေထွေရောဂါကုဆေးရုံသစ်ကြီးများမှ ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီး/ ငယ်များ၊ လက်ထောက် အထူးကုများနှင့် ဘွဲ့လွန်ကျောင်းသား စုစုပေါင်း ၁၂၀ တက်ရောက်၍ နှစ်နိုင်ငံအကြား ကင်ဆာရောဂါဆိုင်ရာ ဆေးပညာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မရမ်းကုန်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

မရမ်းကုန်း အောက်တိုဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲအခမ်းအနားတွင် မရမ်းကုန်းမြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထွဋ်အောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစောမြင့်အောင်နှင့် ဦးစီးအရာရှိ ဒေါ်ယုမာလာဌေးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးရာ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၁၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း(ပြန်/ဆက်)**

## ကြံခင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



ကြံခင်း အောက်တိုဘာ ၁၄

ဧရာဝတီ တိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအား ယနေ့နံနက်ပိုင်းတွင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ကြံခင်း-ဘက်ရဲလမ်းမှ ကြိုးကြာတန်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် Phyo Thiri Kyaw Co.,Ltd. မှ တာဝန်ယူ ဆောင်ရွက်လျက် ရှိသည့် ကွန်ကရစ်တံတား ပေ ၁၀၀ ဒုတိယပိုင်း တည်ဆောက်ခြင်း လုပ်ငန်း အခြေအနေများကို ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ဇော်မင်း၊ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်နိုင်ဝင်း၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြောင်းမြမြို့၌ အမှိုက်လေးမျိုးခွဲခြားစွန့်ပစ်ရေး အသိပညာပေးဟောပြော



**မြောင်းမြ အောက်တိုဘာ ၁၄**

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့တွင် အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အမက ဂိုဒေါင်ကွမ်းခြံ ကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးမင်းကိုကိုက အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် အမှိုက်ပုံးများ၌ စွန့်ပစ်တတ်စေရန်အတွက် အသိပညာပေးဟောပြောသည်။

အဆိုပါ အခမ်းအနားသို့ မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

# ဂါဇာဒေသ လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ ကျင်းပ

**ရှန်အယ်လ်ရှိတ် အောက်တိုဘာ ၁၄**

ဂါဇာဒေသ လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို အီဂျစ်နိုင်ငံ ရှန်အယ်လ်ရှိတ်တွင် အောက်တိုဘာ ၁၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

၎င်းထိပ်သီးဆွေးနွေးပွဲတွင် အစ္စရေးနှင့် ဟားမတ်စ်ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့သည်။

ယင်းထိပ်သီးဆွေးနွေးပွဲသို့ နိုင်ငံ ၂၀ ကျော်မှ ခေါင်းဆောင်များအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး အီဂျစ်သမ္မတ အဗ္ဗဒဲဖတတ်အယ်လ်ဆီဆီနှင့် အမေရိကန်သမ္မတ ထရမ့်တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့သည်။

၎င်းထိပ်သီးဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ဂါဇာဒေသ လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ရေးကို အခြေခံကာ ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်မှုရရှိစေရေးအတွက်ဖြစ်ကြောင်း အီဂျစ်သမ္မတရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ ရှန်အယ်လ်ရှိတ်တွင် သုံးရက်ကြာဆွေးနွေးမှုများဆောင်ရွက်ပြီးနောက် အောက်တိုဘာ ၁၀ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စတင်အသက်ဝင်လာခဲ့သည်။

အီဂျစ်သမ္မတ အယ်လ်ဆီဆီ၊ အမေရိကန်သမ္မတ ထရမ့်၊ တူကီယဲသမ္မတ အာဒိုဂန်နှင့် ကာတာ စော်ဘွား ရှိတ်တာမင် ဗင်ဟာမက် အယ်လ်သာနီ တို့သည် အောက်တိုဘာ ၁၃ ရက်က အီဂျစ်နိုင်ငံ၌ ပြုလုပ်သည့် ဂါဇာဒေသ လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတွင် ဂါဇာကမ်းမြောင် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်ကို ပံ့ပိုးသည့် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အနာဂတ်ကာလတွင်ဖြစ်ပွားမည့် ပဋိပက္ခများကို အင်အားသုံး




ဖြေရှင်းခြင်းထက် သံတမန်နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်မည်ဟု ၎င်းတို့က ကတိပြုခဲ့ကြသည်။ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဖြင့်သာ အစ္စရေးနှင့် ပါလက်စတိုင်းဒေသခံများ၏ လူ့အခွင့်အရေး၊ လူမှုဘဝလုံခြုံရေးနှင့် ဂုဏ်သိက္ခာတို့ကို ကာကွယ်စောင့်ရှောက်နိုင်မည်ဟု ၎င်းတို့က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် တင်းမာမှုဖြစ်ပွား

**ကဘူး အောက်တိုဘာ ၁၄**

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်ကြား ပြီးခဲ့သည့် သီတင်းပတ်ကုန်က တိုက်ခိုက်မှုများဖြစ်ခဲ့ရာမှ နယ်စပ်ဒေသတွင် တင်းမာမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပါကစ္စတန် နိုင်ငံအတွင်းရှိ စစ်စခန်းများကို အောက်တိုဘာ ၁၁ ရက်က တိုက်ခိုက်ခဲ့ကြောင်း အာဖဂန်အစိုးရက ပြောကြားသည်။

၎င်းတိုက်ခိုက်မှုသည် အာဖဂန်နစ္စတန်၏ လေပိုင်နက်ကို ကျူးကျော်ကာ တိုက်ခိုက်ခဲ့သည့် ပါကစ္စတန် တပ်မတော်၏ တိုက်ခိုက်မှုများကို တုံ့ပြန်ခြင်းဖြစ်ကြောင်း အာဖဂန်အစိုးရက ပြောကြားသည်။ တာလီဘန်တပ်ဖွဲ့ဝင်များနှင့် အခြားစစ်သွေးကြွများသည် ပါကစ္စတန်နိုင်ငံအတွင်း တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သဖြင့် တုံ့ပြန်သည့်အနေဖြင့် တာလီဘန်တို့၏ စခန်းများကို တိုက်ခိုက်ခဲ့ကြောင်း ပါကစ္စတန်က ပြောကြားသည်။

အာဖဂန်နစ္စတန် နိုင်ငံတွင် တာလီဘန်တို့ အာဏာရရှိခဲ့ပြီးနောက် အကြမ်းဖက်အဖွဲ့များသည် နယ်စပ်ကိုဖြတ်ကာ ပါကစ္စတန်နိုင်ငံအတွင်း တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြောင်း ပါကစ္စတန်က ပြောကြားသည်။ ယခုအချိန်တွင် ဆော်ဒီအာရေဗျနှင့် ကာတာတို့၏ ကြားဝင်ညှိနှိုင်းမှုကြောင့် တိုက်ခိုက်မှုများကို ရပ်တန့်ခဲ့ကြောင်း အာဖဂန်နစ္စတန်အစိုးရက ပြောကြားသည်။

နယ်စပ်ဒေသတွင် စစ်ဆင်ရေးများဆောင်ရွက်ခဲ့ရာ ပါကစ္စတန်တပ်မတော်သား ၅၈ ဦး သေဆုံးပြီး ၃၀ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကာ အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင် ကိုးဦး သေဆုံးကြောင်း အာဖဂန်နစ္စတန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဇဗ္ဗီဟူလာမူဂျာဟစ်က အောက်တိုဘာ ၁၄ ရက်တွင် ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# လူသားချင်းစာနာထောက်ထားမှုအကူအညီ သယ်ဆောင်လာသည့်ယာဉ်များ ဂါဇာဒေသသို့ဝင်ရောက်

**ဂျေရုဆလင် အောက်တိုဘာ ၁၄**

အစ္စရေးနှင့် ဟားမတ်စ်ကြား အပစ်အခတ် ရပ်စဲခဲ့ပြီးနောက် လူသားချင်း စာနာထောက်ထားမှု အကူအညီများ သယ်ဆောင်လာသည့်ယာဉ်များ ဂါဇာဒေသသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် ဂါဇာဒေသသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီများ ဝင်ရောက်ခွင့်ပြုရေးအတွက် သတ်မှတ်ထားသည်။ ကီရန်ရှလုံ နယ်စပ်ဖြတ်ကျော်စခန်းတွင် အကူအညီပေးရေး ပစ္စည်းများ သယ်ဆောင်လာသည့် ယာဉ်များ ရောက်ရှိနေကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးရုံးမှ ထုတ်ပြန်ခဲ့သည်။

**ဝင်ရောက်ခွင့်ပြု**

အကူအညီပေးရေး ပစ္စည်းများတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပေးသည့် ဆေးဝါးများ၊ ခိုလှုံရေးတဲများ၊ အစားအသောက်များ ပါဝင်သည်။ ဒေသခံများကို ကယ်ဆယ်ရေးအတွက် ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်မည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ဟားမတ်စ်အဖွဲ့သည် သေဆုံးသွားသည့် ဓားစာခံများ၏ ရုပ်အလောင်းကို ပေးအပ်ရန် ပျက်ကွက်ခဲ့သောကြောင့် ရာဖာနယ်စပ်ဖြတ်ကျော်ရေး စခန်းကို ပိတ်ကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ပစ္စည်းများကိုလည်း ဒေသအတွင်းသို့ အကန့်အသတ်ဖြင့်သာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း အစ္စရေးက ပြောကြားသည်။ အပျက်အစီးများအောက်မှ သေဆုံးသူများကို အတည်ပြုရေးအတွက် ခက်ခဲသောကြောင့် သေဆုံးသွားသည့် ဓားစာခံများကို လွှဲပေးနိုင်ခြင်း မရှိကြောင်း ဟားမတ်စ်အဖွဲ့ တာဝန်ရှိသူ ဟေဇန်ကွာဇန်က ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**



# အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် ပါလက်စတိုင်းအရေးအတွက် အပြီးသတ်ဖြေရှင်းချက်မဟုတ်ကြောင်း တူကီယဲသမ္မတပြောကြား

**အန်ကာရာ အောက်တိုဘာ ၁၄**

အီဂျစ်တွင်ရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် ပါလက်စတိုင်းအရေးအတွက် အပြီးသတ်ဖြေရှင်းချက်မဟုတ်ကြောင်း တူကီယဲသမ္မတ အာဒိုဂန်က အောက်တိုဘာ ၁၄ ရက်တွင် ပြောကြားသည်။

ရရှိခဲ့သည့်သဘောတူညီချက်များကို အစ္စရေးက လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

ယခုရရှိခဲ့သည့် သဘောတူညီချက်သည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သာဖြစ်ပြီး ပါလက်စတိုင်းအရေးအတွက် ဖြေရှင်းချက်မဟုတ်ကြောင်းနှင့် လွတ်လပ်သည့် ပါလက်စတိုင်းနိုင်ငံ တည်ထောင်ရေးသည်သာ ဖြေရှင်းချက်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီဂျစ်တွင် ကျင်းပခဲ့သည့် ထိပ်သီးဆွေးနွေးပွဲတွင် အပစ်အခတ်ရပ်စဲရေးကို ပံ့ပိုးသည့် ကြေညာချက်တစ်ခုကိုလည်း ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့သည်။ ယင်းကြေညာချက်သည် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အစ္စရေးသည် ယခင်က အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်သည့် သာဓကများရှိကြောင်းနှင့် တူကီယဲ၊ အမေရိကန်နှင့် ကမ္ဘာ့နိုင်ငံများက အပစ်အခတ်ရပ်စဲရေးကို ကာကွယ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**




# လွတ်မြောက်လာသည့် ပါလက်စတိုင်းအကျဉ်းသားများ ဂါဇာဒေသသို့ရောက်ရှိ

**ဂျေရုဆလင် အောက်တိုဘာ ၁၄**

အပစ်အခတ် ရပ်စဲရေးနှင့် အကျဉ်းသားလဲလှယ်ရေး သဘောတူညီချက်အရ အစ္စရေးဘက်မှ လွှတ်ပေးခဲ့သည့် ပါလက်စတိုင်းအကျဉ်းသားများသည် ဂါဇာဒေသသို့ အောက်တိုဘာ ၁၃ ရက်က ရောက်ရှိခဲ့ကြောင်း သိရသည်။

၎င်းအကျဉ်းသားများကိုသယ်ယူလာသည့် နိုင်ငံတကာ ကြက်ခြေနီအသင်း ဘတ်စ်ကားများသည် ကီရန်ရှလုံ နယ်စပ်ဖြတ်ကျော်စခန်းမှနေ၍ ဂါဇာဒေသသို့ရောက်ရှိလာကြောင်း သိရသည်။

**သမိုင်းမှတ်တိုင်တစ်ခုဖြစ်**

ဂါဇာဒေသ တောင်ပိုင်း ခန်ယူနွတ်ရှိ ဆေးရုံသို့ ၎င်းတို့အား ပို့ဆောင်ခဲ့သည်။ ဆေးရုံ၏ အပြင်ဘက်တွင် လာရောက်ကြိုဆိုသူများဖြင့် ပြည့်နှက်နေသည်။ မိခင်တစ်ဦးက သူ၏သားသည် ရှစ်နှစ် အကျဉ်းကျခဲ့ပြီး ယနေ့တွင် ပြန်လည်ရောက်ရှိလာသည့်အတွက် ဝမ်းသာကြောင်း ပြောကြားသည်။

ပါလက်စတိုင်း အကျဉ်းသားများအတွက် ယခုကိစ္စသည် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ကာ ကျန်ရှိနေသည့် ပါလက်စတိုင်း အကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဆောင်ရွက်မည်ဟု အကျဉ်းသားဆိုင်ရာ သတင်းအချက်အလက်ရုံးက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ကျောက်မဲမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများ၌ ကျောင်းအပ်နှံမှုများလက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား အောက်တိုဘာ ၈ ရက်မှစတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းတို့တွင် ကျောင်းအပ်စတင်လက်ခံခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူ ၂၅၄ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသားကျောင်းသူ ၂၇၆၀ ကျောင်းတက်ရောက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းလျက်ရှိသည့် ဒေသမှ ကျောင်းသား ကျောင်းသူများနည်းတူ စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသားကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၆ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာငါးဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ကျောက်မဲမြို့၌ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများ အခမဲ့ပေးအပ်စဉ်။



## မကွေးမြို့နယ်၌ ဈေးများ မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်

**မကွေး အောက်တိုဘာ ၁၄**

မကွေးမြို့နယ်အတွင်းရှိ မြို့မဈေး၊ ကန်သာဈေး၊ ရန်ပယ်ဈေး၊ ရန်ကင်းဈေး၊ မင်္ဂလာဈေးတို့တွင် မီးဘေးလုံခြုံရေးအတွက် ယမန်နေ့ နံနက်ပိုင်းက မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ လျှပ်စစ်မီးအသုံးပြုမှုများ စနစ်တကျရှိစေရေး၊ ဈေးအတွင်းမီးသုံးစွဲမှုများမရှိစေရေး၊ ရေရရှိရေး၊ တပ်ဆင်ထားရှိသော မီးသတ်ဆေးဘူးနှင့် မီးသတ်စက်များ အဆင်သင့်ဖြစ်စေရေး၊ မီးသတ်ယာဉ်များ အလွယ်တကူ ဝင်/ထွက်သွားလာနိုင်ရေး၊ တာဝန်ရှိသူများနှင့် ဈေးသူ ဈေးသားများ မီးသတ်ဆေးဘူးကို စနစ်တကျကိုင်တွယ် အသုံးပြုတတ်စေရန်နှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို လက်တွေ့ပြသဆောင်ရွက်သည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးအတွက် စက်ရုံ၊ အလုပ်ရုံများ စစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များ၊ ဈေးများ၊ ဟိုတယ်/မိုတယ်များ၊ ဆေးရုံ/ဆေးခန်းများ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများ၊ ရုံးဌာနများ၊ ရပ်ကွက်/ကျေးရွာများတွင် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးသတ်ပြရေး နှိုးဆော်ခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေးခြင်း၊ ဓာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## တနိုင်းမြို့၌ အရန်မီးသတ်လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်

**တနိုင်း အောက်တိုဘာ ၁၄**

ကချင်ပြည်နယ် တနိုင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းမီးဘေးအန္တရာယ်ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် အရန်မီးသတ် လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ကင်ဆားရာရပ်ကွက်ရှိ မီးသတ်စခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနိုင်းခရိုင်မီးဘေးလုံခြုံရေးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်လင်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

**ပေးအပ်**

ဆက်လက်၍ မြို့နယ်အတွင်း ကျေးရွာအသီးသီးမှ အရန်မီးသတ် လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း တက်ရောက်ကြသည့် သင်တန်းသား ၅၀ အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးက တူညီဝတ်စုံများ ပေးအပ်သည်။

အဆိုပါသင်တန်းကိုကင်ဆားရာ ရပ်ကွက် မီးသတ်စခန်း၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဇော်ဝင်းနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မူဆယ်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကျင်းပ

**မူဆယ် အောက်တိုဘာ ၁၄**

မွန်ပြည်နယ် မူဒုံမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် မူဒုံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်းက ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကြောင့် မီးဘေးအန္တရာယ်အပါအဝင် သဘာဝဘေးအန္တရာယ်များ မကြာခဏဆိုသလို ဖြစ်ပေါ်ကြုံတွေ့ရသည့် အတွက် ဘေးအန္တရာယ်များကို သန္နေ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အတူ ရှေ့တန်းက တုံ့ပြန်ရင်ဆိုင်ရမည့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ မီးသတ်ပစ္စည်း ကိရိယာများ၊ ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများကို စနစ်တကျကိုင်တွယ် အသုံးပြုတတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းတွင် အရန်မီးသတ်သင်တန်းသား ၅၀ အား ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

## ဒိုက်ဦးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်



**ဒိုက်ဦး အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ အောက်တိုဘာ ၁၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦးက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒိုက်ဦးမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးချမ်းမြေ့ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၅၀ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးနေဖြိုးဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် အောင်လံမြို့ရှိ ပုဂ္ဂလိကစာသင်ကျောင်းများ၌ မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။ လင်းခန့်

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

# မြစ်ကြီးနားမြို့ရှိ ဆုတောင်းပြည့်တာဝတိံသာစေတီတော်နှင့် အရံစေတီတော်များ ရွှေထီးတော်တင်လှူ ပူဇော်ပွဲ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် ဇေယျမင်္ဂလာကျောင်းတိုက်အတွင်းရှိ ဆုတောင်းပြည့်တာဝတိံသာစေတီတော်နှင့်အရံစေတီတော်များ ရွှေထီးတော်တင်လှူပူဇော်ပွဲ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက ဇေယျမင်္ဂလာကျောင်းတိုက်အတွင်း ပြုလုပ်ရာ မြစ်ကြီးနားမြို့ ခေမာသီဝံ ကျောင်းတိုက်ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဘဒ္ဒန္တစန္ဒာဝရာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးက စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ စေတီတော်တည်ဆောက်ရာတွင် ပါဝင်လှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် စေတီတော်အား လှည့်လည်ပူဇော်ပြီး မင်္ဂလာအချိန်တွင် မင်္ဂလာရထားပျံဖြင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား တင်လှူပူဇော်ခြင်း၊ အရံစေတီများ ရွှေထီးတော်တင်လှူပူဇော်ခြင်း၊ ရွှေထီးတော်မြတ်အား ပရိတ်နံ့သာရည်၊ ရေစင်ရေသန့်တို့ဖြင့် ပက်ဖျန်းသန့်စင်သွန်းလောင်းပူဇော်ကြသည်။ ၎င်းနောက် သံဃာတော်များက စေတီတော်ကြီးနှင့် အရံစေတီတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်ကြပြီး ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ဆက်လက်၍ ဆရာတော်များအား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





## ဟသ်ာတမြို့နယ်၌ ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ဟောပြောပွဲပြုလုပ်

**ဟသ်ာတ အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်း(Grade-12) တက်ရောက်လျက်ရှိသော ကျောင်းသားကျောင်းသူများအား ဟသ်ာတတက္ကသိုလ်တွင် သင်ကြားပို့ချလျက်ရှိသော ဘာသာရပ်များနှင့် မိတ်ဆက်ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက မြို့ပေါ်ကျောင်းများတွင် ပြုလုပ်သည်။

ထိုသို့ဟောပြောရာတွင် တက္ကသိုလ်ဝင်တန်း(Grade-12) ကျောင်းသား ကျောင်းသူ ၉၉၂ ဦးတို့အား အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီမှစတင်၍ အထက(၁)၊ အထက(၃)၊ အထက(၄)၊ အထက(၅)ကျောင်းတို့ရှိ ခန်းမများတွင် ဟသ်ာတတက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများက သက်ဆိုင်ရာဘာသာရပ်များအလိုက် ဆွေးနွေး ဟောပြောပေးကြသည်။

**လိုက်လံကြည့်ရှုအားပေး**

အဆိုပါဘာသာရပ်ဆိုင်ရာ မိတ်ဆက်ဟောပြောပွဲပြုလုပ်မှုများကို ဟသ်ာတတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခိုင်ခိုင်စန်းနှင့် ပါမောက္ခ(ဌာနမှူး)များ၊ ဟသ်ာတခရိုင်ပညာရေးမှူး ဒေါ်စန်းယုမော်၊ ဟသ်ာတမြို့နယ်ပညာရေးမှူး ဦးထင်အောင်ကျော်၊ သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နတ်တလင်းမြို့နယ်၌ ခရိုင်အဆင့် ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကျင်းပ

**နတ်တလင်း အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ခရိုင်အဆင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက နတ်တလင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အသိပညာပေး ဆွေးနွေးပွဲတွင် နတ်တလင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးသည်။

**မေးမြန်းဆွေးနွေး**

ထို့နောက် သာယာဝတီခရိုင် လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်ရပ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ခရိုင်အမျိုးသမီးကော်မတီဝင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်းသိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်အတွင်း သက်တန့်ရောင်စီမံကိန်းရန်ပုံငွေဖြင့် နို့စားနွားမွေးမြူထားရှိမှု ကြည့်ရှုအားပေး

**မိတ္ထီလာ အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ သက်တန့်ရောင်စီမံကိန်းရန်ပုံငွေဖြင့် ပန်းတော်ဆက်၊ စက်ပစ်တောင်နှင့် သဲကုန်းကျေးရွာတို့ရှိ အသင်းသားတောင်သူများ၏ နို့စားနွားမွေးမြူထားရှိမှု အခြေအနေကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့်အဖွဲ့က ယမန်နေ့တွင် ကွင်းဆင်းကြည့်ရှုအားပေးသည်။

ထို့နောက် အသင်းသားတောင်သူများနှင့်တွေ့ဆုံပြီး သက်တန့်ရောင်စီမံကိန်း အကောင်အထည်ဖော်ရေး SOP နှင့် အညီဆောင်ရွက်ရန်၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ကျပ်သန်း ၁၀၀ ဖြင့် ကျေးရွာကိုအခြေပြု၍ ချထားပေးခြင်းဖြစ်ကြောင်းနှင့် မိမိတို့မွေးမြူထားသည့် နွားများအား စနစ်တကျမွေးမြူဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။ အဆိုပါကျေးရွာမှ အသင်းသုံးသင်းရှိ



အသင်းသား ၂၁ ဦးသည် ဖီရှန်နို့စားနွား မဒန်း ၂၅ ကောင်၊ ဇီးပါနွား ၂၅ ကောင် စုစုပေါင်း နို့စားနွား အကောင် ၅၀ မွေးမြူထားကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## မှော်ဘီမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်

**မှော်ဘီ အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက်က မှော်ဘီမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်ခိုင်သန်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ စည်းကမ်းချက်များ၊ တည်ဆဲအခွန်ဥပဒေနှင့် သိကောင်းစရာများ၊ စည်းကမ်းချက်များကို လုပ်ငန်းရှင်များက သိရှိထားရမည်ဖြစ်ကြောင်း၊ မှော်ဘီမြို့နယ်ရှိ ဟိုတယ်နှင့်တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ ရွှေဆိုင်များ၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်များတွင် ပြေစာအမှတ်တံဆိပ်များကို စနစ်တကျကပ်နှိပ်ရန်နှင့် အခွန်အခများကိုလည်း ပုံမှန်ပေးသွင်းရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်ခိုင်သန်း၊ စီမံကိန်း ဦးစီးအရာရှိ ဦးသူရစိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒေါ်အိအိခိုင်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မှော်ဘီမြို့နယ်အတွင်းရှိ ဟိုတယ်နှင့်တည်းခိုခန်း၊ စားသောက်ဆိုင်၊ ရွှေဆိုင်၊ လက်ကိုင်ဖုန်းအရောင်းဆိုင်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၇) ရပ်ကွက် မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်က မီးသတ်တပ်ဖွဲ့ဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်လှစ်ရခြင်းမှာ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ကြရန်နှင့် ပို့ချသည့် သင်ခန်းစာများကို ဂရုတစိုက် ကြိုးကြိုးစားစား သင်ယူလေ့လာမှတ်သားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရန်နိုင်ဖြိုးနှင့်အဖွဲ့ဝင်များ၊ သင်တန်းသား ၅၀ တက်ရောက်လျက်ရှိပြီး စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ဒေးဒရဲမြို့နယ်၌ လက်တွေ့သရုပ်ပြမီးငြိမ်းသတ်

ဒေးဒရဲ အောက်တိုဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မငေးကြီးကျေးရွာဘုန်းတော်ကြီးကျောင်း၌ မြို့နယ်မီးသတ်ဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် ကျေးရွာနေပြည်သူများအား မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟန်ဝင်းစိုးက ကျေးလက်မီးဘေးလုံခြုံရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူများအား မီးသတ်ဆေးဘူးနှင့် အဝတ်ရေစိုတို့ဖြင့် မီးဘေးလုံခြုံရေးဆိုင်ရာ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရောဦးသာ



## သုံးခွမြို့နယ်၌ ဆောင်းသီးနှံပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ရန် စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

သုံးခွ အောက်တိုဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူများအား ၂၀၂၅ ခုနှစ် သီးထပ်ဆောင်းသီးနှံ ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်ရန် စိုက်ပျိုးစရိတ် ချေးငွေများကို ယနေ့နံနက်ပိုင်းက ချေးငွေပြေကျေသူ တောင်သူလယ်သမားများအား စတင်ထုတ်ချေးပေးကြောင်း သိရသည်။



ဦးစွာ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးဝင်းလှိုင်က ချေးငွေထုတ်ချေးပေးရသည့် ရည်ရွယ်ချက်နှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို တောင်သူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ထို့နောက် ဟေမဇလာကျေးရွာနှင့် မှိုကုန်းသာကျေးရွာတို့မှ တောင်သူ ၁၀၇ ဦးအား တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၈၁၇ ဧကအတွက် ငွေကျပ် ၈၁၇ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုံးခွမြို့နယ်၌ ၂၀၂၅ ခုနှစ် သီးထပ်ဆောင်းသီးနှံ ပဲတီစိမ်း စိုက်ပျိုးစရိတ်ချေးငွေများကို မြို့မနှင့် ကျေးရွာအုပ်စု ၆၄ အုပ်စုမှ တောင်သူ ၈၀၀၀ တို့၏ ဧက ၆၅၀၀၀ အတွက် ငွေကျပ်သိန်း ၆၅၀၀၀ ထုတ်ချေးရန်လျာထားကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ငပုတောမြို့နယ်၌ မီးသတ်စခန်း တည်ဆောက်ခြင်းလုပ်ငန်း ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

ငပုတော အောက်တိုဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျုံကူးကျေးရွာအုပ်စုတွင် ကျုံကူးနယ်မြေမီးသတ်စခန်း RC နှစ်ထပ် တည်ဆောက်ခြင်းလုပ်ငန်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ဆွေဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့်အဖွဲ့ဝင် ဦးသန်းဦး၊ Royal Pathein Construction Co.,Ltd. MD ဦးမြင့်ဇော်တို့က သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်ရိုက်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)



## မိုင်းပန်မြို့နယ်၌ ကျောင်းအခြေပြု DT ကာကွယ်ဆေးနှင့် HPV ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း ဆောင်ရွက်

မိုင်းပန် အောက်တိုဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၂၀၂၅–၂၀၂၆ ပညာသင်နှစ် ကျောင်းအခြေပြု DT ကာကွယ်ဆေးနှင့် HPV ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို အခြေခံပညာအလယ်တန်းကျောင်း(မွေတော်)နှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မြို့မကျောင်းတို့၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနိုင်လင်းထွန်း၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ အသက်(၅)နှစ်ပြည့်ပြီး (၇)နှစ်ထက် မကျော်သော KG ကျောင်းသား ကျောင်းသူ ၁၂၁ ဦးအား DT ကာကွယ်ဆေးနှင့် အသက်(၉)နှစ်မှ (၁၀)နှစ် ကျောင်းသူ ၇၆ ဦးအား HPV ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## မြန်အောင်မြို့နယ်၌ ကျေးလက်လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

မြန်အောင် အောက်တိုဘာ ၁၄

ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်မြို့နယ်၌ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားသည့် ကျေးလက်လမ်းတံတားလုပ်ငန်းများကို ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



### ကွင်းဆင်းကြည့်ရှု

ထိုသို့ စစ်ဆေးရာတွင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန(နေပြည်တော်) အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဇော်မင်း၊ ခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်နိုင်ဝင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားသည့် စမ်းရွာကြီး ကျေးရွာအုပ်စုရှိ ပဆင – စမ်းရွာကြီးလမ်းပေါ်ရှိ ပဲစေ့ချောင်း တံတားအား ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

မြို့နယ်(ပြန်/ဆက်)

## အာရှဖလား ယူ–၁၇ အမျိုးသမီးခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း အပြီးသတ်လူရွေးချယ်

ရန်ကုန် အောက်တိုဘာ ၁၄

၂၀၂၇ အာရှဖလား ယူ–၁၇ အမျိုးသမီးခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ–၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းသည် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ ယူ–၁၇ အမျိုးသမီးအသင်း နည်းပြချုပ်ဖြစ်သူ ဂျပန်နိုင်ငံသူ တက်ရှီယိုသည် အပြီးသတ်လူစာရင်းကို အောက်တိုဘာ ၁၄ ရက်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ–၁၇ အမျိုးသမီးအသင်းတွင် ဂိုးသမား–ဆောင်းပွင့်ဖြူဆုပြည့်မွန်၊ ကျော့ကေခိုင်၊ နောက်တန်း–စန်းစန်းထွေး၊ ချစ်ပွင့်အောင်၊ သော်တာနှင်း၊ ပင်မြင့်ယံ၊ ကေသွယ်ငြိမ်း၊ ကမွန်ပကောင်း၊ သဲအိလှိုင်၊ အလယ်တန်း–ဟန်နီဖူးဝေ၊ ရီရီဖြိုး၊ သက်သက်ဝေ၊ နှင်းဝင့်ဝါကျော်၊ နန်းခမ်ဟွမ်၊ အယ်အယ်ဆိုင်းရွယ်နန်း၊ ဆောင်းသဇင်ဦး၊ နန်းခိုင်ဇင်မြင့်၊ နန်လင်းဇင်၊ မင်းထုံမေဇီတာ၊ မေသင်ဇာ၊ ရှေ့တန်း– နွေးနွေးနှင့် ရှင်းသန့်ဖြူစင်ပြုံးတို့ ပါဝင်ကြသည်။

မြန်မာအသင်းသည် ခြေစစ်ပွဲတွင် အုပ်စု (C) ၌ အင်ဒိုနီးရှား၊ မကာအိုတို့နှင့် ကျရောက်နေသည်။ ခြေစစ်ပွဲ အုပ်စု (C) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိပြီး အောက်တိုဘာ ၁၃ ရက်က ကျင်းပသည့် ပထမနေ့တွင် အင်ဒိုနီးရှားအသင်းက မကာအိုအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အောက်တိုဘာ ၁၅ ရက်တွင် မကာအိုအသင်း၊ အောက်တိုဘာ ၁၇ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယင်းနှစ်ပွဲစလုံးကို ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ပြုလုပ်မည်ဖြစ်သည်။

ရှိုင်းထက်ဇော်

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဇုန်နှစ်ဇုန်ရှိ သက်ဆိုင်ရာအားကစားကွင်းများ၌ ဆက်လက်ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။



ယနေ့ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် နံနက် ၈ နာရီမှစတင်၍ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ တနင်္သာရီတိုင်းဒေသကြီး အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တနင်္သာရီတိုင်းဒေသကြီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက်(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို အောက်တိုဘာ ၁၈ ရက်အထိ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန်လေးဇုန် ခွဲ၍ ကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၂၁ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပမည့် ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ ရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

အောက်ဆိုဘာ ၁၅ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်းလွဲ ၃ နာရီမှစတင်၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်းတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ဆိပ်ကြီးခနောင်တိုမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ဆိပ်ကြီးခနောင်တို အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လှိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးသိန်းဇော်ထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးစောမောင်သန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းသားများအား တူညီဝတ်စုံများပေးအပ်သည်။ အဆိုပါ သင်တန်းတွင် သင်တန်းသား ၅၀ အား အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ လက်နက်မဲ့ အခြေခံစစ်ရေးပြ၊ မီးငြိမ်းသတ်ခြင်း ပညာ၊ ရှာဖွေကယ်ဆယ်ရေး၊ ရှေးဦးသူနာပြုစုခြင်း စသည့်သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ဝေယံ(ပြန်/ဆက်)**

## အိမ်မဲမြို့၌ အရန်မီးသတ်လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်

**အိမ်မဲ အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် အရန်မီးသတ်လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ချောင်းဝရပ်ကွက်ရှိ မီးသတ်စခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် အိမ်မဲမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် နိုင်ငံတော်အား မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့မှ ကာကွယ်တားဆီး စောင့်ရှောက်ရေး တာဝန်အပြင် နိုင်ငံတော်အတွက် အရေးကြုံလာပါက လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်ပညာဘာသာရပ်နှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်စေရန် ဖွင့်လှစ်ပို့ချရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အရန်မီးသတ်လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း တက်ရောက်ကြသည့် သင်တန်းသား ၅၀ အား တာဝန်ရှိသူများက တူညီဝတ်စုံများ ပေးအပ်သည်။ အဆိုပါသင်တန်းကို ချောင်းဝရပ်ကွက် မီးသတ်စခန်း၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေယံစိုးနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။ **အိမ်မဲ(ပြန်/ဆက်)**

◆ **အာရှဖလားမှ**

ပွဲပြီးခါနီးတွင် ဂိုးများဆက်တိုက်ပေးလိုက်ရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများပြုလုပ်ခဲ့ပြီး ဆန်းဆက်နိုင်(ဂိုး)၊ ဇွဲခန့်မင်း၊ ဟိန်းဇေယျာလင်း၊ သီဟထက်အောင်၊ ခွန်ကျော်ဇင်ဟိန်း၊ ကျော်မင်းဦး၊ နန္ဒကျော်၊ မောင်မောင်လွင်၊ ဟိန်းထက်အောင်၊ လွင်မိုးအောင်၊ သန်းပိုင်တို့ကို အသုံးပြုခဲ့သည်။ ပထမအကျော့က ခံစစ်ကစားပုံ အမှားများခဲ့သည့် မြန်မာအသင်းသည် ယခုပွဲတွင် အမှားနည်းခဲ့ပြီး ပထမပိုင်းတွင် ဆီးရီးယားတိုက်စစ်ကို အကောင်းဆုံးဟန့်တားနိုင်ခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်းသည် ထိရောက်သည့် ဂိုးသွင်းခွင့်မရဘဲ ဒုတိယပိုင်းတွင် ဝင်းနိုင်ထွန်းဝင်လာမှ တိုက်စစ်ကစားပုံ ပိုကောင်းလာခြင်းဖြစ်သည်။ ဆီးရီးယားအသင်းသည် မိနစ် ၇၀ ကျော်အထိ ဂိုးသွင်းခွင့်များ အသုံးမချနိုင်သော်လည်း ၇၉ မိနစ်တွင် အဖွင့်ဂိုးရပြီးနောက် ဂိုးများဆက်တိုက်ရခဲ့ခြင်းဖြစ်သည်။ ဆီးရီးယားအသင်းအတွက် အနိုင်ဂိုးများကို ၇၉၊ ၈၅ မိနစ်တွင် ဆာဘတ်၊ ၈၇ မိနစ်တွင် အယ်ဆာခါဒီက သွင်းယူခဲ့သည်။

အုပ်စု (E)တွင် ဆီးရီးယားအသင်းက လေးပွဲကစား ၁၂ မှတ်၊ မြန်မာအသင်းက လေးပွဲကစား ခြောက်မှတ်ရရှိထားသည်။ လက်ကျန်နှစ်ပွဲတွင် မြန်မာအသင်းက အနိုင်ရပြီး ဆီးရီးယားအသင်းက နှစ်ပွဲစလုံး အရေးနိမ့်သည့်တိုင် နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုတွင် အနိုင်ရထားသည့် ဆီးရီးယားအသင်းက ခြေစစ်ပွဲအောင်မြင်ရန် သေချာခဲ့ခြင်းဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - စိုးညွန့်သော်**

✪ **ဂျာမနီအသင်းမှ**

ဆွစ်ဇာလန်၊ ဒိန်းမတ်၊ ပြင်သစ်၊ စပိန်၊ ပေါ်တူဂီ၊ နယ်သာလန်၊ ဩစတြီးယား၊ နော်ဝေ၊ ဘယ်လ်ဂျီယံ၊ အင်္ဂလန်နဲ့ ခရိုအေးရှားအသင်းတို့ပဲ ဖြစ်ပါတယ်။

အောက်တိုဘာ ၁၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ပွဲစဉ်တွေမှာတော့ ဆလိုဗက်ကီးယားအသင်းက လူဇင်ဘတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ကိုဆိုဗိုအသင်းက ဆွီဒင်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ယူကရိန်းအသင်းက အဇာဘိုင်ဂျန်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဘယ်လ်ဂျီယံအသင်းက ဝေးလ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆလိုဗေးနီးယားအသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ ပွဲစဉ်မှာ ဂိုးမရှိသရေ၊ အိုက်စ်လန်အသင်းနဲ့ ပြင်သစ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီသရေ၊ မြောက်မက်ဆီဒိုးနီးယားအသင်းနဲ့ ကာဇက်စတန်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ စသဖြင့် ရလဒ်အသီးသီးထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**




## ပြင်ဆင် ဖတ်ရှုပါရန်

အောက်တိုဘာ ၁၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၉ ကော်လံ ၆ ၌ ပါရှိသော အခြေခံဆရာ/ဆရာမများ အထူးမွမ်းမံသင်တန်းဖွင့်လှစ် သတင်း၌ "သင်တန်းကို အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၁၃ ရက်ဟု" ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံပါသည်။

**(သတင်းစဉ်-စာတည်း)**

# မြေကွက်ရောင်းရန်ရှိသည်။

## ၈ မိုင် ပေါက်စေတီအနီး

## မြေပိုင်မြေ

## ဆက်သွယ်ရန်ဖုန်း–09–255553741

## ရုံးချိန်အတွင်းသာ

## ဆက်သွယ်စုံစမ်းပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ အကွက်အမှတ်(တ–၀၂)၊ အုပ်စု(RA)(RA–2)၊ ပြန်လည်နေရာချထားသည့် အကျယ်အဝန်း(၄၀x၆၀)ပေအကျယ်ရှိ မြေကွက်အမှတ်(၂၃၉၇)၊ (၂၃၉၈)၊ (၂၃၉၉)၊ (၂၄၀၀)၊ (တစ်ဆက်တည်း) စုစုပေါင်းမြေကွက်(၄)ကွက်၊ အကျယ်အဝန်း(၉၆၀၀)စတုရန်းပေအကျယ်ရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်(တောင်ပိုင်း)ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ယာယီမြေပေးမိန့်အမှတ်(၂၄၃၉/၂၀၂၀)(၂၄၄၀/၂၀၂၀)(၂၄၄၁/၂၀၂၀) (၂၄၄၂/၂၀၂၀)ဖြင့် (၁၃–၂–၂၀၂၀)ရက်နေ့က ဒေါ်နှင်းသန္တာဦး[၁၂/ဥကတ(နိုင်)၀၅၅၇၉၇]အမည်ဖြင့် မြေနေရာချထားပေးခြင်းခံထားရသော မြေကွက်များဖြစ်ပြီး မူလအမည်ပေါက်ပိုင်ရှင်ဖြစ်သူထံမှ ဆက်စပ်စာချုပ်များဖြင့် လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထားအကျိုးခံစားလျက်ရှိပြီး မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်လှအေး(ခ)ဒေါ်လှလှအေး[၁၂/တတန(နိုင်)၀၅၅၈၄၆]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| တရားလွှတ်တော်ရှေ့နေများ | အထက်တန်းရှေ့နေများ |
|---|---|
| ဦးဝဏ္ဏဇော်(စဉ်–၉၇၈၀) | ဦးမင်းမင်း(စဉ်–၂၇၃၂၀) |
| ဒေါ်စိုးစိုးနွယ်(စဉ်–၁၄၁၈၃) | ဦးဇာနည်အောင်(စဉ်–၄၉၉၆၀) |
| ဒေါ်အေးမွန်သိန်း(စဉ်–၁၆၂၆၉) | ဒေါ်နွေးနွေးအိ(စဉ်–၄၉၄၇၁) |

**အမှတ်–(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း–၀၉–၅၁၈၁၁၈၅၊ ၀၉–၅၁၄၃၈၀၂**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/၂)၊ ပိတောက်လမ်း၊ မြေကွက်အမှတ်(၅၀၄)ရှိ (အလျား ၄၀ ပေ X အနံ ၆၀ ပေ)၊ ပါမစ်အမည်ပေါက် (ဒေါ်မာမာဦး)မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်နိုင် [၁၂/မရက(နိုင်)၁၁၁၃၉၃]က ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသိန်းဟန် (LL.B,DBL) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၄၃၁)**

| ဒေါ်အိရွှေစင် (LL.B,DBL,DIL) | ဦးရဲမျိုးမင်းကျော် (LL.B,DBL,DIL) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်–၁၆၇၁၇) | (စဉ်–၁၈၉၀၀) |

**ရုံးခန်း–အမှတ်(၄၉၃)၊ ဝေဘာဂီလမ်း၊ (၅)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၅၁၆၁၄၁၉၅၊ ၀၉–၇၆၉၀၈၆၉၄၁**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၆၊ မြေကွက်အမှတ်–၁၄၈၇၊ မြေကွက်တည်နေရာအမှတ်–၁၄၈၇၊ ပြည်ထောင်စုလမ်း၊ ၄၆–ရပ်ကွက်၊ ဒဂုံမြောက် (ဦးမြမောင် BT–၀၀၂၆၁၀)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဦးမြမောင်(ဖခင်) ကွယ်လွန်နှင့် ဒေါ်စိန်စိန်(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့်၊ ၎င်းမိဘများမှမွေးဖွားသည့် သားသမီးများဖြစ်ကြသော ဦးကိုကို [၁၂/ကတတ(နိုင်)၀၁၀၄၈၅]၊ ဒေါ်စိုးစိုး [၁၂/ကတတ(နိုင်)၀၀၁၂၅၆]၊ ဒေါ်နွဲ့ယဉ်ဝင်း [၁၂/ကတတ(နိုင်)၀၀၁၂၅၇]၊ ဒေါ်အိရွှေစင် [၁၂/ကတတ(နိုင်)၀၂၅၁၉၃] တို့မှ ကွယ်လွန်သူမိဘများတွင် မိမိတို့မောင်နှမ(၄)ဦးသာ မွေးဖွားခဲ့ကြောင်း၊ အခြားသောကိတ္တိမသားသမီးများ မွေးစားထားခြင်းမရှိကြောင်း၊ မိမိတို့မှာ အစ္စလာမ်ဘာသာဝင်များဖြစ်သည်အားလျော်စွာ မိဘများကွယ်လွန်ပြီးနောက် ဖခင်ပိုင်ဆိုင်သည့် အထက်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မြန်မာ့ဝလေ့ထုံးတမ်းဥပဒေအရ မိမိတို့သာ အမွေဆက်ခံခွင့်ရှိကြောင်း၊ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိဘများ၏သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ မြေပြင်ကွင်းဆင်းရာ RC နှစ်ထပ်တစ်လုံးရှိပြီး လျှောက်ထားသူများနေထိုင်ခြင်းမရှိဘဲ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်သိန်းလှမြင့်မှ ဆိုင်ခန်းငှားထားခြင်းနှင့်ပတ်သက်၍ တာဝန်ယူကြောင်းနှင့် လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း၊ ကွင်းဆင်းဖောင်တွင် လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဦးကိုကို+၃ မှ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၇၊ မြေကွက်အမှတ်–(၂၉၄)၊ F.M.I City (ပဒေသာပင်မြို့တော်)၊ (၄)ရပ်ကွက်၊ ချယ်ရီ(၃)လမ်း၊ အမှတ်–CA–288၊ ဧရိယာ(၀.၁၄၉)ဧက၊ (၆၄၈၀)စတုရန်းပေအကျယ်ရှိ ဒေါ်သင်းသင်းရွှေ [၇/ပတန(နိုင်)၀၇၆၈၃၆]အမည်ပေါက်သော မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်အဆက်စပ်များဖြင့် လက်ရောက်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး အရှုပ်အရှင်းကင်းစွာဖြင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ကြည်ဝင်း[၁၃/ကခန(နိုင်)၀၀၆၃၃၁]မှ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းသက်သက်ခိုင်[၁၃/ကခန(ဧည့်)၀၀၀၄၉၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းအပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ပြီး အရောင်းအဝယ်ပြုလုပ်သည့်မြေကွက်အား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ– | လွှဲအပ်ညွှန်ကြားချက်အရ– |
|---|---|
| ဒေါ်နန်းသက်သက်ခိုင် | ဒေါ်သိဂီစိုး အထက်တန်းရှေ့နေ (စဉ်–၃၅၉၄၈) |
| [၁၃/ကခန(ဧည့်)၀၀၀၄၉၂] | (LL.B,D.B.L,D.I.L,D.I.P.L,D.M.L,D.M.H.C,D.I.R,DAPsy) |
| | အမှတ်(၃၁/A)၊ မြေညီထပ်(B)၊ ကန်လမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| | ဖုန်း–၀၉–၄၂၀၁၈၆၃၈၈ |

## သက်ဆိုင်သူနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ ဒေါ်အေးစန္ဒာမွန် [၁၂/မရက(နိုင်)၁၄၈၅၃၅] သည် ဦးဇော်လင်းထွဏ်း [၁၂/မရက(နိုင်)၁၂၅၀၀၀]နှင့် လင်ခန်း၊ မယားခန်း ကွာရှင်းပြတ်စဲကြောင်း (၃၁–၈–၂၀၂၃) ရက်စွဲပါ "နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"ကို အသိသက်သေများရှေ့တွင် ပြုလုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ ထိုစာချုပ်တွင် တစ်ဦးကိုတစ်ဦး နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့အပြင် ပတ်ဝန်းကျင်နှင့် နှစ်ဖက်မိဘဆွေမျိုးများအား စိတ်အနှောင့်အယှက်ဖြစ်စေသော ပြုမူနေထိုင်ပြောဆိုခြင်းတို့ မပြုလုပ်ကြရန် ဝန်ခံကတိပြုကြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်အေးစန္ဒာမွန်၏ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေသော ပြုမူပြောဆိုမှုများ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ ခြိမ်းခြောက်ဟန့်တား နှောင့်ယှက်မှုတို့ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ပြုကျင့်သူများအပေါ် ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမျိုးသိန်းဌေး LL.B, D.B.L, D.I.L,D.M.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၉၃၃)**
**အမှတ်–၁၆၂၊ ပထမထပ်(ယာ)၊ ၃၅–လမ်း (အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၂၀၂၆၉၄၇၂၊ ၀၉–၉၇၅၂၉၇၀၀၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ သောက်တော်တွင်းရပ်ကွက်၊ ဦးဘအိုလမ်း၊ အမှတ် (၂၂)နေ ဒေါ်သင်းသင်းထိုက် [၁၂/သလန(နိုင်)၀၈၃၀၃၆] ၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သင်းသင်းထိုက် အသုံးပြုလျက်ရှိသော လူမှုကွန်ရက်များဖြစ်သည့် TikTok, Facebook, Account စာမျက်နှာရှိ မိသားစုဓာတ်ပုံများကိုအသုံးပြု၍ Htet Htet Facebook Account ပိုင်ရှင်နှင့် Yu Ki TikTok Account ပိုင်ရှင်များက ဒေါ်သင်းသင်းထိုက်နှင့် မိသားစုဝင်များအား ဂုဏ်သိက္ခာကျဆင်းစေရန်၊ ဂုဏ်သရေညှိုးနွမ်းစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အထက်ဖော်ပြပါ Account များဖြင့် Post များတင်ခြင်း၊ Tag များတွဲခြင်း၊ Post များ ပြန် Share ခြင်းများပြုလုပ်နေကြောင်း သိရှိရပါသဖြင့် ယခုကြေညာချက်ပါသည့်နေ့မှစ၍ လုံးဝ မပြုလုပ်ရန်နှင့် အကယ်၍ ဆက်လက်ပြုလုပ်ခဲ့ပါက ထိုသို့ပြုလုပ်ဆောင်ရွက်သူမည်သူ့ကိုမဆို ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းထိုက်၏ လွှဲအပ်ချက်အရ –**

| ဦးချမ်းမြေ့လင်း (LL.B) | ဦးသန့်ဇော်လွင် (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်– ၁၃၀၉၄) | (စဉ်– ၁၄၆၂၃) |

**အမှတ် (၈၃/၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၉၇၇၁၆၀၃၃၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/တိုးချဲ့၊ မြေကွက်အမှတ် ၂၁၇၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၁၇)၊ မြို့သစ် (၆)လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးကြည်ဝင်း၊ ISN–၂၈၀၄၄၀ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ခင်ပွန်းဖြစ်သူ ဦးကြည်ဝင်းသည် (၃–၈–၂၀၀၃) ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်အုံးမြင့် [၁၂/မရက(နိုင်)၀၁၅၇၅၄]မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း အခြားသော ဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ခင်ပွန်းဖြစ်သူကွယ်လွန်ပြီးနောက် ခင်ပွန်းဖြစ်သူ ဦးကြည်ဝင်း အမည်ပေါက်ကျန်ရှိခဲ့သော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် တရားဝင်ဇနီးဖြစ်သူ မိမိဒေါ်အုံးမြင့်မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း မိမိမှလွဲ၍ အခြားသောအမွေဆက်ခံသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်းနှင့် မိမိကသာလျှင် ဦးကြည်ဝင်း၏ တရားဝင်ဇနီးမယားတစ်ဦးဖြစ်သည်မှာ မှန်ကန်ပါကြောင်း ဒေါ်အုံးမြင့်၏ အမည်နှင့်ပတ်သက်၍ ဒေါ်အုံးမြင့်နှင့် ဒေါ်အုန်းမြင့်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်စီ၏ အမည်များမဟုတ်ဘဲ လူတစ်ဦးတည်း၏ အမည်သာဖြစ်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်–၂၄၆/၂၀၂၄ (၂–၇–၂၀၂၄) ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ် တင်ပြ၍ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးချက်အရ လျှောက်ထားမြေပေါ်တွင် ကိုယ်တိုင်မနေ အရပ်ကတိဖြင့် ဝယ်ယူထားသူများဖြစ်သော ဦးသန်းဝင်းအောင်နှင့် ဦးဝင်းဇော်တို့ နေထိုင်ခြင်းနှင့်ပတ်သက်၍ မြေပြင်ပေါ်တွင်နေထိုင်သော ဦးသန်းဝင်းအောင် [၉/ညဥန(နိုင်)၁၃၃၇၀၅]နှင့် ဦးဝင်းဇော် [၉/ညဥန(နိုင်)၁၃၂၆၅၅]တို့နှင့် ပတ်သက်ပြီး မည်သည့်ပြဿနာမှမရှိ အလုံးစုံတာဝန်ယူပါကြောင်း လျှောက်ထားသူမှ (၃၁–၇–၂၀၂၅) ရက်စွဲပါ ဝန်ခံကတိပြုတင်ပြစာနှင့် မြေပေါ်တွင် နေထိုင်သော အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးသန်းဝင်းအောင်နှင့် ဦးဝင်းဇော်တို့မှလည်း ဒေါ်အုံးမြင့်မှ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းကို သိရှိပါကြောင်းနှင့် ထိုမြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ မည်သည့်ပြဿနာမှမရှိကြောင်း (၃၁–၇–၂၀၂၅) ရက်စွဲပါ ဝန်ခံကတိတို့တင်ပြပါသဖြင့် ဒေါ်အုံးမြင့်မှ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ရာ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ဦးအောင်ဇေယျ(၅)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁/တပင်ရွှေထီး)၊ မြေကွက်အမှတ်(၆၆၆/က)၊ အကျယ်(၂၀x၆၀)ပေရှိ ဦးမြင့်ဆွေ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်ဆွေ[၁၂/ကမတ(နိုင်)၀၀၂၉၄၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးအောင်နိုင်ထူး LL.B., WIPO (Switzerland) "တရားလွှတ်တော်ရှေ့နေ" (စဉ်–၁၃၅၇၅)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။ Ph:09–420088970**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ စက်မြေရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂/စက်မြေ)၊ မြေကွက်အမှတ်(၆၉၅/က)၊ အကျယ်(၂၀x၆၀)ပေ၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနေလင်းအောင် [၇/ကတခ(နိုင်)၀၀၀၇၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးအောင်နိုင်ထူး LL.B., WIPO (Switzerland)**
**"တရားလွှတ်တော်ရှေ့နေ" (စဉ်–၁၃၅၇၅)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။ Ph:09–420088970**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ အ.ထ.က (၂)၊ Grade–11 မှ မဖူးပြည့်ဝေဇင်၏ ဖခင်အမည်မှန်မှာ ဦးဟံတင် ဖြစ်ပါကြောင်း။

**ဦးဟံတင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်–ဟ–၉၊ ဦးပိုင်အမှတ်(၁၁၀)၊ ၆၄(အေ)လမ်း၊ ၁၁၆x၁၁၇ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ညို၏ (SPရရှိသူ ဦးစိန်ဝင်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၀၁/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တွန်ပေါက်ချင်[၁၃/လရန(နိုင်)၀၅၃၈၈၂] က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၉၅၉/၂၀၂၅–၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်–သ–၅၊ ဦးပိုင်အမှတ်(၅၅)၊ ၆၉ လမ်း၊ ၁၁၅x ၁၁၆ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးချစ်မြိုင်၏ (SP ရရှိသူ ဦးစိုးလင်းထက်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၁၂၂/၂၀၂၀) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီတာခိုင် [၉/ခအဇ(နိုင်)၀၁၁၇၁၂]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၉၆၀/၂၀၂၅–၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၈–၅)၊ မြေကွက်အမှတ်(၅၉၆)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ) ရှိ ဒေါ်ကြည်ကြည်ဝင်း [၉/မထလ(နိုင်)၀၁၈၂၅၄] အမည်ပေါက် အိုးအိမ်ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်နိုင် [၁/မကန(နိုင်)၁၀၃၃၃၇]မှ လွှဲပြောင်းရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟေမာနီစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၈၁)**
**တိုက်(A–2)၊ အခန်း(၁၀၃)၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ ၄၈ U10 ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၂၅၀၀၀၉၃၉၄၊ ၀၉–၂၅၀၂၃၀၁၂၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ မြခွာညိုလမ်း၊ အမှတ်(၂၄)နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစိုးယဉ် [၁၂/ပဇတ(နိုင်)၀၂၈၅၃၁]နှင့် ဦးကြည်မွန်ခိုင်[၁၂/ပဇတ(ပြု)၀၀၀၀၃၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်ရှုံလမ်း၊ (အောက်လမ်း)၊ တိုက်အမှတ်– ၅၁၊ (၇–လွှာ)၊ တိုက်သို့မျက်နှာမူလျှင် ဝဲဘက်အခြမ်း၊ အကျယ်အဝန်း (၁၂ပေခွဲ x ၆၀ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမြင့်ဦး[၁၂/လသန(ပြု)၀၀၀၁၀၉]မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးယဉ်နှင့် ဦးကြည်မွန်ခိုင် တို့သည် (၁၀–၁၀–၂၀၂၅)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| (၁) ဦးစိုးယဉ် | ဦးအောင်မျိုးဦး (စဉ်–၈၂၃၀) |
| [၁၂/ပဇတ(နိုင်)၀၂၈၅၃၁] | တရားလွှတ်တော်ရှေ့နေ |
| (၂) ဦးကြည်မွန်ခိုင် | အမှတ်(၂၁၅)/၂၊ ပထမထပ်၊ ၃၆–လမ်းအပေါ်၊ |
| [၁၂/ပဇတ(ပြု)၀၀၀၀၃၅] | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| | ဖုန်း–၀၉–၄၂၂၀၃၅၄၄ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၄၇)၊ မြေကွက်တည်နေရာအမှတ်(၄၇)၊ ပညာတန်ဆောင်လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြောက် (ဒေါ်ထားကြည် – ISN – ၀၉၂၃၉၃) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်ထားကြည် (မိခင်)ကွယ်လွန်နှင့် ဦးစိုးလင်း (ဖခင်)တို့ ကွယ်လွန်သဖြင့် ၎င်းတို့၏သားသမီးများဖြစ်ကြသော ဒေါ်ခင်သူဇာ [၁၂/လမန(နိုင်)၀၀၁၅၇၅]၊ ဦးဝဏ္ဏလင်း [၁၂/လမန(နိုင်)၀၀၄၇၀၇]၊ ဦးနေလင်း [၁၂/လမန(နိုင်)၀၀၄၇၀၈]၊ ဒေါ်မျိုးမမစိုး [၁၂/လမန(နိုင်)၁၃၂၅၉၂]တို့မှ သားသမီးများ တော်စပ်ကြောင်း၊ မိမိတို့မောင်နှမ(၄)ဦးသာ မွေးဖွားခဲ့ပြီး အခြားသားသမီးများ၊ ကိတ္တိမမွေးစားသားသမီးများ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ခရစ်ယာန်ကိုးကွယ်သူဖြစ်သော်လည်း သေတမ်းစာတစ်စုံတစ်ရာ ရေးသားထားခဲ့ခြင်းမရှိကြောင်း၊ မိမိတို့မှာ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဖခင်ဖြစ်သူမှာ ခရစ်ယာန်ကိုးကွယ်သူဖြစ်သည့်အားလျော်စွာ အထက်ပါအကျိုးခံစားခွင့်များအား မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေအရ မိမိတို့သာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိဘများသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ဒေါ်ခင်သူဇာ+၃ မှ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၄)၊ မြေကွက်အမှတ် (၅၉၉)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးအောင်ဝင်း [၁၂/ရပသ(နိုင်) ဝ၂၀၆၈၁] အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံသူဖြစ်သော ဦးသိန်းဇော်လင်း [၁၂/ရကန(နိုင်) ဝ၁၅၂၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသော်သော်ထွန်း [၁၂/သဃက(နိုင်) ဝ၄၁၆၃ဝ]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**

**ဦးသူရဝင်း(B.A, B.Sc(Hons), DBL(Credit), PGDL, LLB, LLM (Commercial Law), (WIPO) (Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၆၄)**

**ဒေါ်မေသန္တာ(B.A, LLB, LLM) (Commercial Law), (WIPO) (Switzerland) အထက်တန်းရှေ့နေ(စဉ်–၅၂၉၆၁)**

**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**

**ဖုန်း–၀၉–၅၀–၃၇၃၇၀၊ ၀၉–၄၂၀၁၈၄၆၅၊ ၀၉–၇၇၇၇၇၉၄၀၉**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့ သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ သစ္စာလမ်း၊ မြေကွက်အမှတ် (၂၆၈)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဒေါ်မိမိလေး [၁၂/ကမတ(နိုင်) ဝ၄၃၃၇ဝ]နှင့် ဒေါ်မူမူအေး [၁၂/ကမတ(နိုင်) ဝ၄၃၃၆၆] အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကိုယ်တိုင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်မိမိလေး [၁၂/ကမတ(နိုင်) ဝ၄၃၃၇ဝ]နှင့် ဒေါ်မူမူအေး [၁၂/ကမတ (နိုင်) ဝ၄၃၃၆၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်ဝင်း [၁၂/သကတ(နိုင်) ဝ၃၇၇၈၄]၊ ဒေါ်ရွှေစင်အောင် [၁၂/ဥကတ(နိုင်)ဝ၄၇၄၂၂]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

**ဦးသူရဝင်း(B.A, B.Sc(Hons), DBL(Credit), PGDL, LLB, LLM (Commercial Law), (WIPO) (Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၆၄)**

**ဒေါ်မေသန္တာ (B.A, LLB, LLM) (WIPO) (Switzerland) အထက်တန်းရှေ့နေ(စဉ်–၅၂၉၆၁)**

**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**

**ဖုန်း–၀၉–၅၀–၃၇၃၇၀၊ ၀၉–၄၂၀၁၈၄၆၅၊ ၀၉–၇၇၇၇၇၉၄၀၉**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့ သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ မြေကွက်အမှတ် (၁၀၄၁)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိဦးဝင်းမြင့် (ISN–၂၄၉၁၃၀) [၁၂/လကန(နိုင်) ၁၁၅၉၇၇] အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံသူဖြစ်သော ဦးရင်ထွေး [၁၂/လကန(နိုင်) ဝ၈၇၈၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလှိုင်မျိုးနွယ် [၁၂/သကတ(နိုင်) ၁၃၇၉၉ဝ]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**

**ဦးသူရဝင်း(B.A, B.Sc(Hons), DBL(Credit), PGDL, LLB, LLM (Commercial Law), (WIPO) (Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၆၄)**

**ဒေါ်မေသန္တာ(B.A, LLB, LLM) (Commercial Law), (WIPO) (Switzerland) အထက်တန်းရှေ့နေ(စဉ်–၅၂၉၆၁)**

**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**

**ဖုန်း–၀၉–၅၀–၃၇၃၇၀၊ ၀၉–၄၂၀၁၈၄၆၅၊ ၀၉–၇၇၇၇၇၉၄၀၉**

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂) ဗိုလ်တထောင်ခရိုင်တရားရုံးတော်

## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၂၀ နှင့်ဆက်နွယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်– ၆၃

| | | |
|---|---|---|
| ဦးဝင်းထွန်းထွန်း (မန်နေဂျင်းဒါရိုက်တာ) (ရွှေညီကိုမော်တော်ကား ကုမ္ပဏီလီမိတက်) | နှင့် | Taihei Jidoushua Shoukai Kabushiki Kaisha (ဂျပန်ကုမ္ပဏီ) တစ်ဆင့် Baker or Me Kenzie (Myanmar) |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံး)** |

**ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ရတနာပုံရပ်ကွက်၊ ဆူးလေဘုရားလမ်း၊ ဆူးလေစကွဲ၊ ၁၁–လွှာ၊ အမှတ်(၁၁–၁၂)နေ Taihei Jidoushua Shoukai Kabushiki Kaisha (ဂျပန်ကုမ္ပဏီ)တစ်ဆင့် Baker or Me Kenzie (Myanmar) (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၂၀ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ဖြေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ ရှေ့နေဖြင့်ဖြစ်စေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ **၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်နေ့** (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် ဤရုံးရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(နိုင်လင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၁)၊ တံတားအထူးအဖွဲ့(၄) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁) နှင့် တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့တို့မှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်–မန္တလေးအမြန်လမ်း၊ မိုင်တိုင်(၃၅၈/၁–၃)ရှိ ဒုဋ္ဌဝတီ တံတားသစ်တည်ဆောက်ခြင်းလုပ်ငန်း( ရန်ကုန်ဘက်ကမ်း နှင့် မန္တလေးဘက်ကမ်း)တို့၌ အသုံးပြုရန် လိုအပ်သော ကျပ်သန်း(၂၀၀)အထက် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများဝယ်ယူခြင်း/သယ်ယူပို့ဆောင်ခြင်း နှင့် စက်/ယာဉ်ယန္တရားများ ငှားရမ်း/သယ်ယူ/ပို့ဆောင်ခြင်း အိတ်ဖွင့်တင်ဒါအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ/ သယ်ယူ/ ငှားရမ်းလိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| တည်ဆောက်ရေးအဖွဲ့(၁) အိတ်ဖွင့်တင်ဒါအမှတ်စဉ် | – ( ၄/၂၀၂၅–၂၀၂၆ ) နှင့် |
| တံတားအထူး(၄) အိတ်ဖွင့်တင်ဒါအမှတ်စဉ် | – ( ၂/၂၀၂၅–၂၀၂၆ ) |
| ၁။ တင်ဒါပုံစံရောင်းချမည့်နေရာ | – ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ မန္တလေးမြို့ ဒု–ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့ |
| ၂။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် | – ၁၄–၁၀–၂၀၂၅ ရက်နေ့၊ ( ရုံးချိန်အတွင်း ) |
| ၃။ လျှောက်လွှာပုံစံအရောင်း ပိတ်မည့် ရက်/အချိန် | – ၂၇–၁၀–၂၀၂၅ ရက်နေ့၊ ( ၁၆:၃၀ )နာရီ |
| ၄။ တင်ဒါဖွင့်မည့် ရက်/အချိန် | – ၂၉–၁၀–၂၀၂၅ ရက်နေ့၊ ( ၉:၃၀ )နာရီ |
| ၅။ တင်ဒါတင်သွင်း/စိစစ်/ ရွေးချယ်မည့်နေရာ | – ဒုဋ္ဌဝတီတံတားသစ်စီမံကိန်း(မန္တလေးဘက်ကမ်း)တံတားရှင်းလင်းဆောင် |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက { တည်ဆောက်ရေးအဖွဲ့(၁)(ဖုန်း)၀၉–၄၅၈၉၅၅၁၅၂၊ ၀၉–၂၅၀၀၇၀၇၁၈ နှင့် တံတားအထူးအဖွဲ့(၄)(ဖုန်း)၀၉–၄၄၈၅၄၈၅၈၅၊ ၀၉–၇၈၁၃၀၀၄၀၉ } တို့သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်းသွယ်၊ အမှတ်–(၈၉/က)ပေါ်တွင် တည်ဆောက်ထားသော ငါး(၅) ထပ်တိုက်၏ (၁၈)ပေx (၅၀)ပေရှိ လေး(၄)လွှာ (ခြေရင်းဘက်)တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးစိုးမင်း [၁၂/မရက(နိုင်)၁၄၂၀၃၈]က တရားဝင် လက်ဝယ်ပိုင်ဆိုင်ထား၍ လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုကာ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆန်ပေါင် [၄/ထတလ(နိုင်)ဝ၅၁၃ဝ၉] က အဆိုပါတိုက်ခန်းကို ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက ၎င်းတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုပ်လင်း (LLB, LLM, MRes, JM, PhD)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၈၉၀)**
**အမှတ် (၄၅)၊ သုခ (၅၁)လမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၆၄၆၇၀၂၃၉**

## ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ (၃၈)လမ်း(အောက်)၊ အမှတ်(၁၂၀)(ယာ) (ပထမထပ်)၊ အကျယ်အဝန်း ($12\frac{1}{2}$x 40)ပေရှိ တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဆိုသူ ဦးအောင်ကျော် [၉/မခန(နိုင်)၁၂၁၀၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာဝင်း (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၉၂၅၂)**
**ဖုန်း– ၀၉– ၂၅၄၂၄၈၈၂၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၄)၊ A–၁၇ လမ်း၊ တိုက်အမှတ်(၇)၊ အခန်းအမှတ်(၃၀၃)၊ တတိယထပ် (၄)လွှာ၊ ယုဇနဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်း၊ အကျယ်အဝန်း (၂၀ပေx ၃၀ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဒေါ်ဇာဇာထွန်း[၁၂/သကတ(နိုင်)၁၈၉၄၁၉]**မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိလက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ညီညီသိန်း [၁၂/ဥကတ(နိုင်)၁၅၅၉၀၃]**ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ညီညီသိန်း**က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုလှိုင် (LL.B) အထက်တန်းရှေ့နေ (စဉ်– ၅၅၅၆၃)**
**အမှတ် (၁၇၇)၊ မြရတနာ(၆)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၄၂၀၈၈၆၉၁**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်–မန္တလေး သွားကျန်းမာရေးသူနာပြုဒီပလိုမာ(Diploma In Dental Nursing) (၂)နှစ် သင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်–မန္တလေးတွင် ၂၀၂၆–ပညာသင်နှစ်၌ ဖွင့်လှစ်ပို့ချမည့် သွားကျန်းမာရေးသူနာပြုဒီပလိုမာ (Diploma in Dental Nursing) သင်တန်းသို့ အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်–

**၁။ လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ (သိပ္ပံတွဲ )ရပြီးသူဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့် (၂၈–၁၁–၂၀၂၅)ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါ မွေးနေ့သက္ကရာဇ်အတိုင်းသာ အတည်ပြုမည်။)

(ဃ) အိမ်ထောင်မရှိသူ အပျို/လူပျို ဖြစ်ရမည်။

(င) သင်တန်းတက်ရောက်အောင်မြင်ပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက (၃)နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရ စာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကိုပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို ဆက်လက်မထမ်းဆောင်နိုင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေ ၃၀၀၀၀၀ိ/– (ကျပ်သုံးသိန်းတိတိ) ကို ပေးလျော်ရန် ကတိခံဝန် စာချုပ်ချုပ်ဆိုနိုင်သူ ဖြစ်ရမည်။

**၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာ ဖော်ပြရမည်။**

(က) အမည်၊ အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(ခ) အသက်၊ မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်)

(ဂ) မိဘအမည်နှင့် အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(ဃ) ပညာအရည်အချင်း

(င) ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်

(စ) ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး/ဌာန

**၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။**

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်(မိတ္တူ)(၁)စောင်နှင့် ဘွဲ့လက်မှတ် (မိတ္တူ) (၁)စောင်

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)(၁)စောင်

(ဂ) နိုင်ငံရေးနှင့်ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာမြို့နယ် ရဲစခန်း၏ ထောက်ခံစာ(မူရင်း)(၁)စောင်

(ဃ) အိမ်ထောင်မရှိသူ အပျို/လူပျိုဖြစ်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်(သို့)ကျေးရွာ အထွေထွေအုပ်ချုပ်ရေးမှူးရုံး(အုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူး)၏ ထောက်ခံစာ(မူရင်း) (၁) စောင်

(င) ကိုယ်လက်အင်္ဂါ ချို့ယွင်းခြင်းမရှိကြောင်း၊ ကိုယ်ရောစိတ်ပါ ကျန်းမာကြောင်း၊ သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ(မူရင်း)(၁)စောင်

(စ) လျှောက်လွှာတွင် (၆)လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် လိုင်စင်ဓာတ်ပုံ(၂)ပုံ ကျောဘက်တွင် အမည်နှင့်မှတ်ပုံတင် အမှတ်ဖော်ပြရန်

(ဆ) ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက) ရာထူးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ထမ်းအကြီးအမှူး၏ ထောက်ခံစာ(မူရင်း)(၁)စောင်

၄။ လျှောက်လွှာများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်–မန္တလေး၊ မြို့သစ်(၁)ရပ်ကွက်၊ ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံတောင်ဘက်၊ အရိုးရောဂါအထူးကုဆေးရုံကြီးမြောက်ဘက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့သို့ လိပ်မူ၍ လျှောက်လွှာပိတ်ရက်ဖြစ်သည့် (၂၈–၁၁–၂၀၂၅) ရက်နေ့ထက် နောက်မကျဘဲ ပေးပို့လျှောက်ထားရမည်။ မပြည့်စုံသည့် လျှောက်လွှာများနှင့် နောက်ကျမှ ရောက်ရှိလာသော လျှောက်လွှာများကို စဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများ၏ခုံအမှတ်စာရင်းကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်–မန္တလေး၌ (၂–၁၂–၂၀၂၅)ရက်နေ့တွင် ကြေညာထားမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုမည့် ကတ်များကို (၄–၁၂–၂၀၂၅)ရက်နေ့မှစ၍ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်–မန္တလေးတွင် ထုတ်ယူနိုင်ပါသည်။

၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးသွားမည်၊

| | |
|---|---|
| ကျင်းပမည့်ရက် | – (၅–၁၂–၂၀၂၅)ရက်( သောကြာနေ့) |
| အချိန် | – နံနက်(၉:၀၀)နာရီမှ (၁၂:၀၀)နာရီထိ |
| ဘာသာရပ် | – မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ(၃)နာရီ မေးခွန်းလွှာ(၁)စုံ |
| ကျင်းပမည့်နေရာ | – သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်–မန္တလေး |

၇။ အခြားစုံစမ်းမေးမြန်း လိုသည်များရှိပါက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်–မန္တလေး၊ ဖုန်း ၀၉–၂၅၉၅၂၆၇၅၀၊ ၀၉–၄၀၂၆၈၀၁၂၃ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်–မန္တလေး**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၃–၁၀–၂၀၂၅) ကြေးမုံသတင်းစာ (စာ–၃၀)၌ အထက်တန်းရှေ့နေ ဦးသန့်ဇင်လှိုင်၏ အများသိစေရန်ကြေညာခြင်းတွင် (၅၀ပေ x ၂၀၀ပေ) အစား (၅၀ပေ x ၈၀ပေ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မညွန့်**
**အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
**Ph:09-250370756**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးမင်းအောင်၏ သမီး မဆုမွန် [၉/မထလ (နိုင်) ၃၃၂၇၈၁]၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၆၅၃၉၁၆၉၂**

❖ မြန်မာနိုင်ငံ၏ပတ်ဝန်းကျင်နှင့် အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေမှာ ၄ ဘီလီယံနီးပါးရှိပြီး ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိသည့်အတွက် မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကုန်ပစ္စည်းများကို တင်ပို့နိုင်သောခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ်...

❖ မိမိတို့နိုင်ငံတွင်ရှိပြီးဖြစ်သည့် အရင်းအမြစ်များကို ကောင်းစွာအသုံးချနိုင်ရန်လိုပြီး မူလတန်ဖိုးဖြစ်သည့် အရေးပါမှုများကို အရာရောက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်သူများ နေ့စဉ်သုံးစွဲရန်လိုအပ်သည့် စက်သုံးဆီကို သင်တင့်သောဈေးနှုန်းဖြင့် စဉ်ဆက်မပြတ် အဆင်ပြေလွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရေး အထူးအလေးထား စီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

ပြည်သူများ နေ့စဉ်သုံးစွဲရန်လိုအပ်သည့်စက်သုံးဆီကို သင်တင့်သောဈေးနှုန်းဖြင့် စဉ်ဆက်မပြတ် အဆင်ပြေလွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များကို ချိတ်ဆက်ထားသော အဓိကလမ်းပိုင်းများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အဓိကမြို့ကြီးများမှ စက်သုံးဆီအရောင်းဆိုင်များကို စက်သုံးဆီများကြိုတင်ဖြည့်တင်းထားသည့်အပြင် လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ထပ်မံဖြည့်တင်းပေးနိုင်ရန် ဆီတင်ယာဉ်ကြီးများကို စက်သုံးဆီအပြည့်ဖြည့်တင်းပြီး ဒေသအလိုက် စီမံထားရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❖

## ဒီပါဝလီနေ့ ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်းကြေညာ

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်) တနင်္လာနေ့သည် "ဒီပါဝလီနေ့" ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၉၀/၂၀၂၅ ဖြင့် ကြေညာထားသည်။

### ယနေ့ ဖတ်စရာ


အခြေခံပညာကဏ္ဍ သင်ကြား၊ စီမံရေးရာ ဝန်ထမ်းများ၏ ရာထူးတိုး၊ အပြောင်းအရွှေ့ဆိုင်ရာ မူဝါဒများသုံးသပ်ခြင်းနှင့် တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားရေး နည်းလမ်းများ ဆွေးနွေးပွဲ ကျင်းပ
စာမျက်နှာ » ၁၀

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် တင်းမာမှု ဖြစ်ပွား
စာမျက်နှာ » ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါ လုပ်ဆောင်ခြင်း၊ အားပေး ကူညီခြင်းများ ပြုလုပ်ခဲ့သူ များအား ဖော်ထုတ်အရေးယူ
စာမျက်နှာ » ၁၄


## ဂျာမနီအသင်းက မြောက်အိုင်ယာလန်အသင်းကို အနိုင်ရပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရရှိရန်သေချာသွားပြီဖြစ်

ဂျာမနီအသင်းဟာ မြောက်အိုင်ယာလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်မှာ တစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီးနောက် ၂၀၂၆ ခုနှစ်ကမ္ဘာ့ဖလားဝင်ခွင့်ရရှိရန် သေချာသွားပြီဖြစ်ပါတယ်။



ဂျာမနီအသင်းနှင့် မြောက်အိုင်ယာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဂျာမနီအသင်းဟာ မြောက်အိုင်ယာလန်အသင်းနဲ့ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန် ၃၁ မိနစ်မှာရရှိခဲ့တဲ့ ဝိုလ်တီမိတ်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့ဖလား လေးကြိမ်ဆွတ်ခူးထားတဲ့ ဂျာမနီအသင်းဟာ မြောက်အိုင်ယာလန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် အုပ်စု(A)မှာ လေးပွဲကစား၊ ရမှတ်ကိုးမှတ်နဲ့ အုပ်စုထိပ်ဆုံးမှာရပ်တည်နေပြီး ဆလိုဗက်ကီးယားအသင်းက ဂျာမနီအသင်းနဲ့ ရမှတ်တူ ဂိုးကွာခြား ချက်ကြောင့် အုပ်စုဒုတိယနေရာမှာရပ်တည်နေတာဖြစ်ပါတယ်။

ဂျာမနီအသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၄ ရက်မှာ လူဇင်ဘတ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အုပ်စု(၁၁)ဖြင့်ယှဉ်ပြိုင်လျက်ရှိပြီး အုပ်စုထိပ်ဆုံးအသင်း ၁၁ သင်းက ကမ္ဘာ့ဖလား တိုက်ရိုက်ဝင်ခွင့်ရမှာဖြစ်ပြီး အုပ်စုဒုတိယနေရာက အသင်းတွေကတော့ play-off ကစားပြီးအနိုင်ရမှသာ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။

လက်ရှိအုပ်စုအသီးသီးမှာ ထိပ်ဆုံးကရပ်တည်လျက်ရှိတဲ့ အသင်းတွေကတော့ ဂျာမနီ၊ **စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ✪**

## အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်း အိမ်ကွင်း၌ အရေးနိမ့်

ရန်ကုန် အောက်တိုဘာ ၁၄

၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စု(E) ပွဲစဉ်(၄) အဖြစ် မြန်မာအသင်းနှင့် ဆီးရီးယားအသင်းတို့ အောက်တိုဘာ ၁၄ ရက် ညနေ ၅ နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဆီးရီးယားအသင်းက သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

ဆီးရီးယားအသင်းသည် မြန်မာအသင်းကို အဝေးကွင်း၌ ထပ်မံအနိုင်ယူပြီး လက်ကျန်နှစ်ပွဲအလိုမှာပင် ခြေစစ်ပွဲအောင်မြင်သွားခဲ့သည်။ မြန်မာအသင်းနှင့် ဆီးရီးယားအသင်းသည် ခြောက်ရက်အတွင်း နှစ်ပွဲကစားရပြီး မြန်မာအသင်းသည် နှစ်ကျော့စလုံး အရေးနိမ့်သဖြင့် ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမအကျော့ထက် ကစားပုံပိုကောင်းသော်လည်း **စာမျက်နှာ ၁၉ ကော်လံ ၃ သို့ ◆**



မြန်မာအသင်းနှင့် ဆီးရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။